ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်၊ သောကြာနေ့။ Friday 3 August 2018 ၉၃၆၇

# ဒုတိယသမ္မတ ဦးမြင့်ဆွေ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးသို့ တက်ရောက်





ဒုတိယသမ္မတ ဦးမြင့်ဆွေ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ(၂ /၂၀၁၈ ) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂**

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီ(၂ / ၂၀၁၈ ) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

> “နိုင်ငံတော်၏ စီးပွားရေးတွင် အဓိကကျောရိုးသဖွယ်ဖြစ်သည့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဈေးကွက်ရရှိရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် တီထွင်ဆန်းသစ်ရေး စသည့်အချက်များ တိုးတက်အောင်မြင်စေရန် ဝိုင်းဝန်းညှိနှိုင်းပေါင်းစပ်ဆောင်ရွက်”

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက လုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ကျင်းပခဲ့ရာ အဆိုပါ အစည်းအဝေး ဆုံးဖြတ်ချက်များအရ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့နှင့် SME Agency အဖွဲ့တို့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး အဆိုပါအဖွဲ့ သုံးဖွဲ့အနေဖြင့် ဟန်ချက်ညီညီ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ်မြောက် အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဒေသဆိုင်ရာ SME Agency အဖွဲ့များကို နေပြည်တော်ကောင်စီနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရေဘေးသင့် ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

စာမျက်နှာ » ၇



## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရေဘေးသင့် ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

စာမျက်နှာ » ၈





# ကြေးမုံ

## မိုးစပါးအထွက်နှုန်းမလျော့ရေးကြိုးပမ်း

ယခုနှစ် မိုးစပါးစိုက်ပျိုးသည့်ရာသီတွင် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် မိုးစပါးစိုက်ဧက ၁၅ သန်းကျော် စိုက်ပျိုးနိုင်ရန် လျာထားခဲ့သည်။ မြန်မာနိုင်ငံတွင် ဆန်စပါး အဓိကစိုက်ပျိုးသော ဒေသများမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးဖြစ်ပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့လည်း ပါဝင်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားသောနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အဓိကစိုက်ပျိုးသောသီးနှံမှာ ဆန်စပါးဖြစ်ပြီး မိုးစပါးကို အများဆုံးစိုက်ပျိုးကြသည်။ ပြည်တွင်းအဓိကစားသုံးကုန်မှာ ဆန်စပါးဖြစ်ပြီး ပြည်ပအဓိကပို့ကုန်မှာလည်း ဆန်စပါးဖြစ်သည်။

ပြည်ပပို့ကုန် နည်းပါးသည့်မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေပိုမိုရရှိရေးအတွက် ဆန်စပါးကို အဓိကအားထားသည်။ ယခုနှစ်မိုးရာသီအတွက် ပြည်တွင်းစားကုန်၊ ပြည်ပပို့ကုန်ဖြစ်သည့် မိုးစပါးကို စိုက်ဧက ၁၅ သန်းကျော်စိုက်ပျိုးနိုင်ရန် မျှော်မှန်းခဲ့သော်လည်း ယခု ဇူလိုင်လ တတိယပတ်မှ စတင်၍ သည်းထန်စွာရွာသွန်းခဲ့သည့် မိုးကြောင့် ဧရာဝတီတိုင်းဒေသကြီးမှအပ ကျန်မိုးစပါးစိုက်ဒေသများတွင် စပါးစိုက်ခင်းများ ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ နိုင်ငံတစ်ဝန်းတွင်ဖြစ်ပွားသောကြောင့် နိုင်ငံအတွင်းရှိ အချို့မိုးစပါးစိုက်ခင်းများအပြင် အခြားသီးနှံစိုက်ခင်း စုစုပေါင်းဧက ခုနစ်သိန်းခွဲကျော် ရေလွှမ်းမိုးခြင်းခံခဲ့ရသည်ဟု လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။ ထို့ကြောင့် ယခုနှစ် မိုးစပါးအထွက်ရာသီတွင် စပါးအထွက်နှုန်း ကျဆင်းနိုင်သည်ဟု ခန့်မှန်းကြဖွယ်ရှိသည်။

မိုးစပါးဆိုသည်မှာ မိုးရေတဖွေးဖွေးတွင် ရှင်သန်နိုင်သော သီးနှံပင်မျိုးဖြစ်ပြီး စပါးပင်များ ရေနစ်မြုပ်ရုံဖြင့် ချက်ချင်းထိခိုက်ပျက်စီးခြင်း မဖြစ်နိုင်ချေ။ သင့်တင့်သည့်ရက်ပိုင်းအတွင်း တက်ရေပြန်ကျပါက စပါးပင်များ ဆက်လက်ရှင်သန်နိုင်ပြီး ရေပြန်ကျပြီးနောက် စပါးပင်များကို အချိန်မီ ပြုပြင်မွမ်းမံနိုင်ပါက စပါးအထွက် ထိခိုက်နိုင်မှု နည်းပါးမည်။ ယခုရေကြီးရေလျှံမှုဖြစ်စဉ်တွင် ဧရာဝတီတိုင်းဒေသကြီးသို့ သက်ရောက်မှုနည်းသေးသဖြင့် စပါးအထွက်နှုန်းထိခိုက်မှုကို ကာမိနိုင်မည်ဖြစ်သည်။

မြစ်ရေကြီးခြင်းကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ဧကလေးသိန်းခွဲခန့် ရေဝင်နစ်မြုပ်ခဲ့ပြီး စိုက်ဧက၏ တစ်ဝက်ကျော်ခန့်မှာ လုံးဝနစ်မြုပ်ခဲ့သည်။ သို့ရာတွင် လယ်ယာမြေများ ရေပြန်ကျချိန်တွင် စပါးပင်များ ဆက်လက်ရှင်သန်နိုင်ရန် ပြုပြင်ပေးရေး၊ အချိန်မီစပါးပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် စပါးအထွက်နှုန်းမထိခိုက်ရေးတို့ကို အစိုးရဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့က နည်းလမ်းရှာဖွေ ကူညီပေးမည်ဟု သိရသည်။

အမှန်တကယ်တွင် ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ဧက ၁၅ သန်းကျော် လျာထားခဲ့ရာတွင် ယခုရေကြီးနစ်မြုပ်သွားသည့် စပါးစိုက်ဧကမှာ ခုနစ်သိန်း၊ ရှစ်သိန်းခန့်သာရှိမည်ဖြစ်၍ စိုက်ဧက ၁၄ သန်းကျော်ကျန်သေးသည်။ ထို့အပြင် ရေမြုပ်စပါးစိုက်ခင်းအားလုံးမှာလည်း လုံးဝဆုံးရှုံးနိုင်ခြေမရှိဘဲ ပြန်လည်မွမ်းမံစိုက်ပျိုးမည်ဖြစ်သောကြောင့် ယခုနှစ်အတွက် လျာထားသတ်မှတ်ထားသည့် မိုးစပါးစိုက်ဧကမှာ ကြီးကြီးမားမား ထိခိုက်နိုင်ခြင်းမရှိနိုင်ဟု ခန့်မှန်းနိုင်သည်။

သို့ဖြစ်ရာ ယခုနှစ် နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် မိုးစပါးစိုက်ဧက အထွက်နှုန်း မလျော့နည်းစေရေးအတွက် စိုက်ပျိုးရေးဘက်ဆိုင်ရာဌာနများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများ အတူပူးပေါင်းလက်တွဲကာ စပါးအထွက်နှုန်း မလျော့နည်းမကျဆင်းရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
(မန္တလေး)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## ကမ်းဝေးငါးဖမ်းရေယာဉ်များတွင် ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေး ကိရိယာတပ်ဆင်ရေး ရေလုပ်ငန်းရှင်များ ညှိနှိုင်းဆွေးနွေး




**မြိတ် ဩဂုတ် ၂**

မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်းတွင် လုပ်ကိုင်နေကြသော ကမ်းဝေးငါးဖမ်းရေယာဉ်များ အားလုံး၌ ၂၀၁၈-၂၀၁၉ ငါးဖမ်းရာသီတွင် ရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေး ကိရိယာတပ်ဆင်မှသာလျှင် သက်တမ်းတိုးမြှင့်လိုင်စင် ထုတ်ပေးမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားလာသဖြင့် ဩဂုတ် ၁ ရက် နံနက် ၉ နာရီတွင် မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာနှင့် လိပ်လွတ်မြောက်ရေးကိရိယာများ တပ်ဆင်ရေးနှင့်ပတ်သက်၍ မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် လှေပိုင်ရှင်၊ ကုမ္ပဏီ၊ ကိုယ်စားလှယ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

"ရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာ တပ်ဆင်လိုက်ခြင်းဖြင့် အကျိုးရလဒ်က မိမိရဲ့ငါးဖမ်းလှေဟာ ဘယ်ငါးဖမ်းကွက်မှာရောက်ရှိနေတယ်ဆိုတာကို လှေပိုင်ရှင်တွေကသိရှိနိုင်သလို သက်ဆိုင်ရာဌာနတွေကလည်း သိရှိနိုင်ပါတယ်။ ဖမ်းဆီးရမိတဲ့ငါးတွေနဲ့ပတ်သက်တဲ့ အချက်အလက်တွေကိုလည်း တိတိကျကျ သိရှိနိုင်မှာ ဖြစ်ပါတယ်။ ငါးဖမ်းလှေကန့်သတ်နယ်မြေမှာ ကျူးကျော်ဝင်ရောက်နေရင် ချက်ချင်းသိနိုင်ပြီးအရေးယူဆောင်ရွက်မှုတွေ ပြုလုပ်နိုင်တာကြောင့် ငါးဖမ်းရေယာဉ်တွေ စည်းကမ်းရှိရှိလုပ်ရမှာ ဖြစ်ပါတယ်။ စည်းကမ်းဥပဒေချိုးဖောက် ရင်လည်း ချက်ချင်းအရေးယူ ဆောင်ရွက်နိုင်အောင် အဖွဲ့တွေဖွဲ့ပြီး လုပ်ထားတဲ့အတွက် အင်မတန် ကောင်းပါတယ်။ ငါးသယံဇာတ ထိန်းသိမ်းဖို့အတွက်လည်း ကောင်းသလို ရေရှည်မှာလည်း ငါးလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အများကြီးအထောက်အကူဖြစ်ပါတယ်"ဟု မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစန်းမောင်က ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ရေယာဉ်စောင့်ကြည့် ထိန်းချုပ်ရေးကိရိယာ တပ်ဆင်ခြင်းနှင့် သတင်းအချက်အလက် လစဉ်ပေးပို့ကြည့်ရှုခြင်းနှုန်းထားများကို ရေယာဉ်ပိုင်ရှင်များပေးဆောင်နိုင်ခြင်းရှိ၊ မရှိနှင့် မိမိအစီအစဉ်နှင့် တပ်ဆင်မည် (သို့မဟုတ်) ချေးငွေရယူတပ်ဆင်မည်ကို ရေယာဉ်ပိုင်ရှင်များထံမှ သဘောထားများ တောင်းခံခြင်း၊ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာ တပ်ဆင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ကမ်းရိုးတန်းရှိသော ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ရေလုပ်ငန်းရှင် ကိုယ်စားလှယ်များ ပါဝင်သော ကော်မတီများဖွဲ့စည်းကာ နေပြည်တော်တွင် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေး ကိရိယာ တပ်ဆင်ခြင်း စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကုန်ကျငွေလျာထားချက်အနေဖြင့် ယူရိုသန်း ၇၀ ရှိကြောင်း မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး(မြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၂**

ရန်ကုန်(ရွှေဈေး) ၉၄၈၀၀၀ - ၉၄၈၀၀၀ မန္တလေး(ရွှေဈေး) ၉၄၈၀၀၀ - ၉၄၈၀၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
| --- | --- | --- | --- |
| (က) ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၅/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၅/၉၅၀ ကျပ်၊ | ၉၉၅/၁၀၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၈၀/၉၀၀ ကျပ်၊ | ၉၄၅/၉၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၂၅/၉၄၀ ကျပ်၊ | ၉၇၀/၉၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၅/၈၉၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၅/၉၀၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၄၅/၈၅၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
| --- | --- | --- | --- | --- |
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၉. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၆၆. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၉. ၄၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၃. ၀၈၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၅၁. ၃၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၉၀၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၇၉. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇. ၆၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၈. ၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၄၈. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

★ ရှေ့ဖုံးမှ

တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

အဆိုပါ အဖွဲ့အသီးသီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ စိတ်အားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းသာအားရဖြစ်ရပါကြောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (Micro, Small and Medium Enterprises-MSMEs) ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးပြီး အမှန်တကယ် လိုအပ်ချက်များကို ဝိုင်းဝန်းဖြည့်ဆည်းပေးမည်ဆိုပါက MSMEs များ၏ ယှဉ်ပြိုင်နိုင်စွမ်းအားများ အမှန်ပင် တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း။

**ဝိုင်းဝန်းကူညီပံ့ပိုး**

ဒေသဆိုင်ရာ SME အေဂျင်စီအဖွဲ့များကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းပြီးဖြစ်သော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသခြောက်ခုတွင် ဖွဲ့စည်းရန်ကျန်ရှိနေသဖြင့် အမြန်ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များက ဝိုင်းဝန်းကူညီပံ့ပိုးပေးရန် မေတ္တာရပ်ခံလိုပါကြောင်း။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် မန္တလေးမြို့တွင် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ ပူးပေါင်း၍လည်းကောင်း၊ မကွေးမြို့တွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ ပူးပေါင်း၍လည်းကောင်း၊ ပုသိမ်မြို့တွင် ဧရာဝတီတိုင်းဒေသကြီးအနေဖြင့်လည်းကောင်း၊ တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ ပူးပေါင်း၍လည်းကောင်း ဒေသထုတ်ကုန်များ ပြပွဲပြိုင်ပွဲ ကျင်းပခဲ့ရာ လေးကြိမ်ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အလှည့်ကျ ဆက်လက်ကျင်းပသွားမည်ဖြစ်သည့်အတွက် တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုကောင်းမွန်စွာ ကျင်းပနိုင်ရေး၊ MSMEs များကို ထိရောက်စွာပံ့ပိုးကူညီနိုင်ရေးနှင့် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း။

**လက်တွေ့ကွင်းဆင်းလေ့လာ**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုလတွင် ကျင်းပမည့် MSMEs ဒေသတွင်း ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ပုဂ္ဂလိကဘဏ်များဖိတ်ကြားရန် စီစဉ်ထားပြီး အဆိုပါဘဏ်များအနေဖြင့် ဒေသတွင်း MSMEs များ၏ အခြေအနေကို လက်တွေ့ကွင်းဆင်းလေ့လာပြီး အောင်မြင်တိုးတက်ရန် အလားအလာရှိသည့် လုပ်ငန်းများကို ငွေချေးပေးနိုင်ရေး စီမံထားသည်ကို သိရှိရပါကြောင်း။

SME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအနေဖြင့် Business Start-up များ (လုပ်ငန်းစတင်သူများ)၊ Traditional SME (မိရိုးဖလာလုပ်ငန်း)များကို အားကောင်းသည့် SME များ ဖြစ်ပေါ်လာရေးအတွက် ပံ့ပိုးရမည်ဖြစ်ပြီး ပြိုင်ပွဲဆုရ MSMEs များနှင့် အလားအလာရှိသည့် MSMEs များကိုလည်း ကမ္ဘာ့ဈေးကွက်တွင် ဝင်ရောက်နိုင်ရန်အတွက် ကောင်းမွန်သည့် မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆုရရှိသည့် MSMEs များကို အတုယူစေခြင်း၊ အားနည်းနေသည့် MSMEs များ ကြိုးစားလိုစိတ် ဖြစ်ပေါ်လာစေခြင်းတို့အတွက် ပြည်တွင်း Supermarket များ၊ ဒေသတွင်းအရောင်းခန်းမများ၌ နေရာစီစဉ်ပြီး ရောင်းချခွင့်ပေးခြင်းများ ဆောင်ရွက်စေလိုပါကြောင်း၊ ဒေသအလိုက် အားပေးမြှင့်တင်ခြင်းဖြင့် ကျေးလက်ဒေသတွင် အငယ်စား၊ အသေးစားလုပ်ငန်းများ များပြားလာမည်ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်မီသည့် 'Made in Myanmar' ထုတ်ကုန်များကို လေဆိပ်များ၊ ကားဂိတ်များ၊ ထင်ရှားသည့်နေရာများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် Supermarket များ၌ ကောင်တာများ ဖွင့်လှစ်ရောင်းချနိုင်ရေးကို မိမိဒေသ၏ အခြေခံအဆောက်အအုံ အခြေအနေအရ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ အာဆီယံနိုင်ငံများတွင်လည်း အစည်းအဝေးပွဲကြီးများနှင့် ပွဲလမ်းသဘင်များ၌ ယင်းနိုင်ငံ၏ MSMEs ထုတ်ကုန်များအား ပြသသည်ကို တွေ့ရပါကြောင်း။

**ယုံကြည်မှုရရှိလာမည်ဖြစ်**

မြန်မာနိုင်ငံရှိ MSMEs များ၏ ၆၅ ရာခိုင်နှုန်းသည် လယ်ယာထွက်ကုန်များကို Value Added ပြုလုပ်ပြီး စားသောက်ကုန်များအဖြစ် ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ MSMEs များ၏ ထုတ်ကုန်များကို စနစ်တကျစစ်ဆေးမည့် စမ်းသပ်ကိရိယာများ မရှိသည့်အပြင် FDA လက်မှတ်မရှိကြသည့်အတွက် ဈေးကွက်က ယုံကြည်လက်ခံရန် အားနည်းနေသည်ကို တွေ့ရသဖြင့် ဝန်ကြီးဌာနများတွင်ရှိသည့် Laboratory Test Center များတွင် စစ်ဆေးခွင့်ပေးခြင်း၊ ထုတ်ကုန်အရည်အသွေးပြည့်မီမှု Certificate ထုတ်ပေးခြင်းနှင့် SME Logo တရားဝင်ထုတ်ပေးပြီး အသုံးပြုစေခြင်း နည်းလမ်းများကို လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီပါက ထည့်သွင်းစဉ်းစားစေလိုပါကြောင်း၊ သို့မှသာ နိုင်ငံတကာက အသိအမှတ်ပြု MSMEs များ ဖြစ်လာပြီး စားသုံးသူများ၏ ယုံကြည်မှုရရှိလာမည်ဖြစ်ကာ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ပါကြောင်း။

**လက်ခံကျင်းပရန်စီစဉ်ထား**

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ဆဋ္ဌမအကြိမ်မြောက် အာဆီယံအငယ်စား၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (ACCMSME) အစည်းအဝေး၊ ASEAN+3 အစည်းအဝေး၊ ဂျပန်နှင့် Financial Symposium အလုပ်ရုံဆွေးနွေးပွဲ၊ OECD အလုပ်ရုံဆွေးနွေးပွဲများ အပါအဝင် အခြားဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် စီစဉ်ထားပါကြောင်း။

အဆိုပါ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသာမက ဂျပန်၊ ကိုရီးယား၊ ဂျာမနီနိုင်ငံနှင့် အမေရိကန် (USAID)တို့မှ ကိုယ်စားလှယ်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (OECD)၊ ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (UNIDO) နှင့် ဂျာမနီ GIZ တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဟု သိရှိရပါကြောင်း။

**ရလဒ်များဖော်ထုတ်ဆွေးနွေး**

OECD နှင့် ပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအသီးသီးမှ MSMEs များကို ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ပံ့ပိုးပေးခဲ့သည့်အခြေအနေများကို Criteria (စံသတ်မှတ်ချက်) ရှုစ်ခုဖြင့် တိုင်းတာပြီး ရလဒ်များကို ဖော်ထုတ်ဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း၊ အဆိုပါ အစည်းအဝေး ကျင်းပသည့်ရက်အတွင်း အရည်အသွေး ပြည့်မီကောင်းမွန်သော 'Made in Myanmar' ထုတ်ကုန်များကို ပြသနိုင်ရေး၊ ဆုရ MSMEs လုပ်ငန်းရှင်များနှင့် ဆုမရသော်လည်း အလားအလာရှိသည့်ပြိုင်ပွဲဝင် MSMEs လုပ်ငန်းအချို့ကို အာဆီယံဒေသတွင်းသာမက နိုင်ငံတကာမှ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးနိုင်ရေး၊ လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်ဆွေးနွေးပွဲ (One-to-One Business Meeting) များ ပါဝင်နိုင်ရေးနှင့် Trade Show များ၌ ပါဝင်ပြသနိုင်ရေးစသည့် အခွင့်အလမ်းများရရှိစေရန် အာဆီယံဒေသတွင်း အငယ်စား၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME )မှတစ်ဆင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ထိထိရောက်ရောက်ပံ့ပိုးပေးရန်လို**

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် Action Plan များရေးဆွဲကာ အဆိုပါ Action Plan များကို Target ထား၍ ဒေသတွင်း MSMEs များကို ထိထိရောက်ရောက် ပံ့ပိုးပေးရန်လိုပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးတွင် အဓိကကျောရိုးသဖွယ်ဖြစ်သည့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဈေးကွက်ရရှိရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် တီထွင်ဆန်းသစ်ရေး စသည့်အချက်များ တိုးတက်အောင်မြင်စေရန် ဝိုင်းဝန်းညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့်လုပ်ငန်းများနှင့် ဖြေလျှော့ပေးသင့်သည့် အချက်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့မှ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့၏ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၏ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ကရင်ပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ရခိုင်ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ မွန်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နည်းပညာနှင့် ချေးငွေလိုအပ်ချက်နှင့် ဒေသအလိုက် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းများ တည်ရှိနေမှုများကို ဆွေးနွေးတင်ပြကြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတသည် စက်မှုဝန်ကြီးဌာန မြေညီထပ်၌ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များက လာရောက်ခင်းကျင်း ပြသထားသည့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ကိုရီးယားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H. E . Mr. Lee Sang-hwa နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**ဆက်လက်ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် တိုင်းရင်းသားလူမျိုးများရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဝန်ကြီးဌာန၏ ဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းနေမှုများ၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ပြဿနာများကို နိုင်ငံတကာမှ အမှန်အတိုင်းသိရှိရန် လိုအပ်မှုများ၊ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် အကြောင်းအရာများနှင့် နှစ်နိုင်ငံရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ အဆို ၁ ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း ၁ ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## တိုင်းရင်းသားသတင်းမီဒီယာကျောင်း(ကောလိပ်)ဖွင့်လှစ်ရန် ပညာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ ပေါင်းစပ်ညှိနှိုင်းသင့်

အစည်းအဝေးတွင် မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၏ **တိုင်းရင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် တိုင်းရင်းသားသတင်းမီဒီယာကျောင်း(ကောလိပ်) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ပေါင်းစပ်၍ ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားမည်ဖြစ်ပါကြောင်း၊ ပထမဦးစွာ တိုင်းရင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုများကို အကျဉ်းမျှ တင်ပြလိုပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တောင်ပေါ်၊ မြေပြန့်ဒေသအသီးသီးတွင် တိုင်းရင်းသား လူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်လျက်ရှိကြပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ ဒေသအသီးသီးတွင် လူမှုစီးပွားတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် တိုင်းရင်းမီဒီယာများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုအနေဖြင့် အပါအဝင် ဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ် ဩဂုတ်လမှစ၍ ကြိုတင်စိစစ်သည့် ဆင်ဆာစနစ် (Pre-Publication Censorship) ဖျက်သိမ်းပြီးနောက်ပိုင်း ပုဂ္ဂလိကမီဒီယာများ၏ အခန်းကဏ္ဍ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ယခင်က ပြည်ပနှင့်နယ်စပ်ဒေသများတွင် အခြေချခဲ့သည့် တိုင်းရင်းမီဒီယာအများစုအပါအဝင် မီဒီယာများသည် ပြည်တွင်းသို့ ဝင်ရောက်အခြေပြုလာခဲ့ကြပါကြောင်း။

တိုင်းရင်းသားမီဒီယာအချို့စုပေါင်း၍ နိုင်ငံတကာမြန်မာ့သတင်းအဖွဲ့ (Burma News International-BNI) ကို အဖွဲ့ဝင် ၁၁ ဦးဖြင့် ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အဖွဲ့ဝင် ၁၃ ဦးရှိသည်ဟု သိရပါကြောင်း၊ BNI အဖွဲ့ဝင်မဖြစ်သေးသည့် တိုင်းရင်းမီဒီယာအများအပြား ရှိနေသေးကြောင်းကိုလည်း သိရှိရပါကြောင်း၊ BNI အဖွဲ့က ဦးစီးပြီး ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တိုင်းရင်းမီဒီယာညီလာခံ စုစုပေါင်း (၆) ကြိမ်ကို နှစ်စဉ် ပြည်နယ်အသီးသီးတွင် ကျင်းပနိုင်ခဲ့ပြီး ယင်းညီလာခံများကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့၏ ပူးပေါင်းအားပေးမှုတို့ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းများသည် တိုင်းရင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေကြောင်းကို တွေ့ရှိရပါကြောင်း။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ တိုင်းရင်းမီဒီယာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြလိုပါကြောင်း၊ မျက်မှောက်ကာလတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့ရုပ်မြင်သံကြား၏ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှစတင်၍ တိုင်းရင်းသားဘာသာ ၁၁ ဘာသာ (ရခိုင်၊ ရှမ်း၊ ‘ဝ’၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်)တို့ဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ ထုတ်လွှင့်ချိန် တစ်သမတ်တည်း မဖြစ်စေရေးအတွက် ၄ လတစ်ကြိမ် အက္ခရာစဉ်လိုက် ပြောင်းလဲထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ အလားတူ မြန်မာ့အသံ(ရေဒီယို)တွင် တိုင်းရင်းသားရေဒီယိုအစီအစဉ်ကို တိုင်းရင်းသားဘာသာ ၁၇ ဘာသာ(ရှမ်း၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ ရခိုင်၊ ‘ဝ’၊ ကိုးကန့်၊ ပအိုဝ်း၊ ဓနုကချင်၊ ဂေဘား၊ မွန်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ စကောကရင်၊ ကယား၊ ကယန်း၊ ဂေခို)ဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်)မှ မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာ၊ ပအိုဝ်းဘာသာတို့ဖြင့် ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ရောင်စုံစာမျက်နှာ(၄) မျက်နှာဖြင့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထည့်သွင်းထုတ်ဝေဖြန့်ချိပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားကဏ္ဍ (ကချင်ဘာသာ) အချပ်ပိုကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၉ ရက်မှစ၍ တစ်ပတ် (၁) ကြိမ် စနေနေ့တိုင်း ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)တွင် ပုံနှိပ်ထုတ်ဝေ၍ ကချင်ပြည်နယ်အတွင်း ဖြန့်ချိလျက်ရှိပါကြောင်း၊ တိုင်းရင်းသားကဏ္ဍ(မြန်မာဘာသာ)ကို ကြေးမုံသတင်းစာအတွင်း၌ပင် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှစ၍ အပတ်စဉ် စနေနေ့တိုင်း ထုတ်ဝေ၍ အချပ်ပိုအဖြစ်ညှပ်ကာ ဖြန့်ချိလျက်ရှိပါကြောင်း။

ထိုနည်းတူစွာ ရှိုပြည်ရခိုင်ပုံရိပ်(ရခိုင်ဘာသာ) အချပ်ပိုကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှစ၍ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)တွင် ပုံနှိပ်ထုတ်ဝေကာ ရခိုင်ပြည်နယ်အတွင်း အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖြန့်ဝေလျက်ရှိပါကြောင်း၊ ရခိုင်ရွှေမြေအထူးကဏ္ဍ(မြန်မာဘာသာ)ကိုလည်း ၂၀၁၇ ခုနှစ် အောက်တိုဘာ ၅ ရက်မှစ၍ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)တွင်ပင် ပုံနှိပ်ကာ အပတ်စဉ် ကြာသပတေးနေ့တိုင်း ရခိုင်ပြည်နယ်အတွင်း ဖြန့်ဝေလျက်ရှိပါကြောင်း။

တစ်ဆက်တည်းတွင် ယခုအစိုးရလက်ထက်တွင် စတင်ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုကို အကျဉ်းမျှ တင်ပြလိုပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေးဆိုင်ရာ အချက်အလက်များကဏ္ဍ၊ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားမီဒီယာကဏ္ဍနှင့် တိုင်းရင်းသားသယံဇာတ ခွဲဝေအသုံးချမှုကဏ္ဍတို့နှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း



မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော

ဖိုရမ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ နေပြည်တော်တွင် ကျင်းပခဲ့ပါကြောင်း၊ ယင်းဖိုရမ်တွင် ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားမီဒီယာကဏ္ဍတွင် မီဒီယာနှင့်ပတ်သက်သည့် ဖော်ထုတ်ရရှိချက် ၉ ချက် ရရှိခဲ့ပြီး တိုင်းရင်းသားမီဒီယာသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးအချက်သည်လည်း အပါအဝင်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက တိုင်းရင်းသားမီဒီယာများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် တိုင်းရင်းသားသတင်းမီဒီယာကျောင်း(ကောလိပ်) ဖွင့်လှစ်နိုင်ပါက သင့်မြတ်ကောင်းမွန်မှုရှိသည်ကို ဖြေကြားထားပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားမီဒီယာများ ရှင်သန်ဖွံ့ဖြိုးရေးအရေးပါပုံကို ကောင်းစွာအသိအမှတ်ပြုသော်လည်း တိုင်းရင်းသားသတင်းမီဒီယာကျောင်း(ကောလိပ်) ဖွင့်လှစ်ပေးရန် လောလောဆယ်တွင် အစီအစဉ် မရှိသေးကြောင်းကို ဖြေကြားလိုပါကြောင်း၊ တိုင်းရင်းသား သတင်းမီဒီယာကောလိပ် ဖွင့်လှစ်ခြင်းကို ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ခြင်းထက် လက်ရှိတွင် သတင်းစာ အတတ်ပညာသင်ကြားပို့ချလျက်ရှိသည့် ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်ခြင်းက ပိုမိုသင့်လျော်ကောင်းမွန်မည် ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်တွင် သတင်းအတတ်ပညာဌာန(Journalism Department) စနစ်တကျ ဖွင့်လှစ်ထားပြီး ၄ နှစ်ကြာ သင်ရိုးညွှန်းတမ်းများကို ယူနက်စကို၏ပံ့ပိုးမှုဖြင့် နိုင်ငံတကာအဆင့်မီ ရေးဆွဲသင်ကြားပေးလျက်ရှိပြီး သင်တန်းအောင်မြင်သူများကို B.A(Journalism) ဘွဲ့ကို ချီးမြှင့်လျက်ရှိပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တိုင်းရင်းသားသတင်းမီဒီယာကျောင်း (ကောလိပ်) ဖွင့်လှစ်ရန်ကိစ္စကို ပညာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပေါင်းစပ်ညှိနှိုင်းမှုနှင့် အကောင်အထည်ဖော်နိုင်ရန် သင့်တော်ပါကြောင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပံ့ပိုးကူညီပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## မူဆယ်မြို့၌ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးဖွင့်လှစ်ရန် အစီအစဉ် မရှိသေး

မူဆယ် မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ်၏ **မူဆယ်မြို့တွင် နိုင်ငံကူးလက်မှတ် (Passport) ထုတ်ပေးသည့် ရုံးခွဲဖွင့်လှစ်ထားရှိပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မူဆယ်မြို့သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်ပြီး တရားဝင် ဝင်၊ ထွက် ပေါက်များဖြစ်သော နန်းတော်ဂိတ်(ကျယ်-၁)၊ ဆင်ဖြူဂိတ်( ကျယ်-၂)နှင့် မန့်ဝိန်းဂိတ်(ကျယ်-၃) တို့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ (၇) (မူဆယ်)က ဝင်၊ ထွက် သွားလာမှုများကို စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ (၇) (မူဆယ်) အနေဖြင့် ၁ နှစ်သက်တမ်းရှိ ၆ ညအိပ် ၇ ရက်ခွင့်ပြုသည့် BP (Border Pass) နယ်စပ် ဖြတ်သန်းခွင့်စာအုပ် (အနီရောင်)၊ ၇ ရက် သက်တမ်းရှိ TBP( Temporary Border Pass) ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(အစိမ်းရောင်)တို့အား ထုတ်ပေး၍ မြန်မာနိုင်ငံသားများအား တရုတ်နိုင်ငံအတွင်းသို့ နယ်စပ်ဂိတ်မှ ကီလိုမီတာ ၆၀ အထိ သွားရောက်ခွင့်ပြုထားပြီး အဆိုပါစာအုပ်နှင့် လက်မှတ်များဖြင့်သာ တရုတ်နိုင်ငံသို့ ဝင်၊ ထွက် သွားလာမှုတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရပါကြောင်း။

ယခင်က မြန်မာနိုင်ငံသားများ တရုတ်နိုင်ငံဘက်သို့ သာမန်မြန်မာနိုင်ငံကူးလက်မှတ်အသုံးပြု၍ ဝင်၊ ထွက် ရာတွင်လည်းကောင်း၊ တရုတ်နိုင်ငံသားများ မြန်မာနိုင်ငံဘက်သို့ နိုင်ငံကူးလက်မှတ်အသုံးပြု၍ ဝင်၊ ထွက် ရာတွင်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးသို့ လျှောက်ထား၍ ယင်းဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ပါရှိမှသာ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၇)(မူဆယ်) အနေဖြင့် ဝင်၊ ထွက်ခွင့် စိစစ်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှစတင်၍ မြန်မာနိုင်ငံ၏ လုံခြုံရေးအခြေအနေအရ မူဆယ်မြို့မှ တရုတ်နိုင်ငံသို့ သာမန်မြန်မာနိုင်ငံကူးလက်မှတ် (Passport) ဖြင့် ဝင်၊ ထွက် သွားလာခွင့်များကို ပိတ်ထားသည်ကို သိရှိရပါကြောင်း။

မူဆယ်မြို့တွင် နေထိုင်သော ပြည်သူလူထုအနေဖြင့် ပြည်ပနိုင်ငံများသို့ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များမှတစ်ဆင့် ထွက်ခွာနိုင်ရေးအတွက် နိုင်ငံကူးလက်မှတ်များ ပြုလုပ်လိုပါက မူဆယ်မြို့နှင့် မိုင် ၁၁၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲ(လားရှိုး)တွင် သွားရောက်လျှောက်ထားရပါကြောင်း၊ ထိုသို့ သာမန်မြန်မာနိုင်ငံကူးလက်မှတ် လာရောက်လျှောက်ထားသူများအား မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးခွဲ(လားရှိုး)အနေဖြင့် အချိန်မီစိစစ်ထုတ်ပေးလျက်ရှိသည့်အပြင် နယ်မြေအခြေအနေအပေါ် မူတည်၍ အခါအားလျော်စွာ မူဆယ်မြို့သို့ သွားရောက်ကာ Home Service အစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲ(လားရှိုး)အနေဖြင့် သာမန်မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားသူများအား အချိန်နှင့်တစ်ပြေးညီ စိစစ်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အခါအားလျော်စွာ မူဆယ်မြို့သို့ ကွင်းဆင်း၍ Home Service ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှစ၍ နိုင်ငံ၏လုံခြုံရေးအခြေအနေအရ မူဆယ်မြို့မှ တရုတ်နိုင်ငံသို့ သာမန်မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် ဝင်၊ ထွက် သွားလာခွင့် တားမြစ်ထားပါကြောင်းနှင့် လက်ရှိအခြေအနေတွင် မူဆယ်မြို့၌ သာမန်မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်းနှင့် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ရှင်းလင်းဖြေကြားသည်။

## One Stop Shop ကို One Stop Service သို့ အဆင့်မြှင့် အကောင်အထည်ဖော်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်း

ထို့နောက် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ) ဦးအတွတ်က **အစိုးရဌာနအဖွဲ့အစည်းများ၏ ဝန်ဆောင်ပေးမှုများကို ပြည်သူများ အမှန်တကယ် ရရှိခြင်းဖြင့် အစိုးရနှင့် ပြည်သူကြား အပြန်အလှန်ယုံကြည်မှုမြင့်တက်စေပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့် အကောင်အထည်ဖော်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) များကို ၂၀၁၅ ခုနှစ် ဇူလိုင် ၇ ရက်မှစ၍ စတင်ဖွင့်လှစ်သည်ကို သိရှိရပါကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop ရုံးများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများတွင် ဖွင့်လှစ်ထားပြီး ရည်ရွယ်ချက် ၄ ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း။

ဒီမိုကရေစီကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အမှန်တကယ် အရေးကြီးဆုံးသည် အစိုးရနှင့် ပြည်သူအကြား အပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ နားလည်မှုတို့ဖြစ်ပါကြောင်း၊ ပြည်သူများ၏ယုံကြည်မှုကို ရရှိရန်အတွက် အစိုးရဌာနအဖွဲ့အစည်းများက ပြည်သူကို မည်သည့်ဝန်ဆောင်မှုများ ပေးနိုင်သနည်းဆိုသည့်အချက်သည် အရေးကြီးပါကြောင်း၊ ပြည်သူကလည်း အစိုးရနှင့်အတူတူ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုကိုလည်း မှန်မှန်ကန်ကန် ရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း၊ One Stop ဆိုသည်မှာ တစ်ခါတည်း တစ်ထိုင်တည်း ဝန်ဆောင်မှုရယူရန် သက်သက်သာမဟုတ်ဘဲ တစ်နေရာတည်းဖြစ်စေ၊ တစ်ထိုင်တည်းဖြစ်စေ၊ ပြန်လည်ချိန်းဆိုသည့်နေ့ရက်တွင်ဖြစ်စေ ပြည်သူ့ဝန်ဆောင်မှုရုံးကို ပြန်လာပြီး ဝန်ဆောင်မှုရယူသည်ကို ဆိုလိုခြင်းဖြစ်ပါကြောင်း။

ပြည်သူများသည် မိမိအတွက် လိုအပ်သည့် ဝန်ဆောင်မှုတစ်ခုခုကို OS Service တစ်နေရာတည်း(တစ်ခုတည်း)မှ ရမည်ဆိုလျှင် ယင်းနေရာတွင် ဝန်ဆောင်မှုတစ်ခုအတွက် ထိုက်သင့်သည့် အချိန်ကာလတစ်ခု သတ်မှတ်ထားမည်ဆိုလျှင် ပို၍သင့်တော်ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ အစိုးရဌာနအဖွဲ့အစည်းများ၏ ဝန်ဆောင်ပေးမှုများကို ပြည်သူများ အမှန်တကယ်ရရှိခြင်း၊ အစိုးရနှင့် ပြည်သူများ အပြန်အလှန်ယုံကြည်မှု မြင့်တက်စေခြင်း၊ ဒီမိုကရေစီစနစ်ကို ပီပြင်စွာ အကောင်ထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်အဆိုများကို ဥပဒေကြမ်းကော်မတီဝင်က ရှင်းလင်းတင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်က အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဩဂုတ် ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာနေ့တွက်စရိတ်ကို လှူဒါန်းရန်တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ် ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာနေ့တွက်စရိတ်ကို လှူဒါန်းရန် တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံသည် OGP အဖွဲ့ဝင်မဟုတ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် OGP စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော လုပ်ငန်းကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေ

ထို့နောက် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ **ပွင့်လင်းသော အစိုးရအဖွဲ့ဝင်(Open Government Partnership) ဖြစ်ရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် တိုးတက်မှုအဖွဲ့မှ ကမ်းလှမ်းချက်အရ ပွင့်လင်းသောအစိုးရမဟာမိတ်သို့ ဝင်ရောက်နိုင်ရေးအတွက် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုလက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် OGP အဖွဲ့ဝင်ဖြစ်ရေး ဦးတည်ဆောင်ရွက်နေခြင်း မဟုတ်သော်လည်း လက်ရှိအစိုးရအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများသည် OGP စံသတ်မှတ်ချက်များဖြင့် ကိုက်ညီလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ဘဏ္ဍာရေးနှင့် ပတ်သက်၍ တင်ပြရမည်ဆိုပါက ဘဏ္ဍာရေးနှစ်အလိုက် ရသုံးမှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ခြင်း၊ နိုင်ငံတကာမှ အကူအညီများရယူရာတွင် ပွင့်လင်းမြင်သာမှုရှိရေးအစီအစဉ် (International Aid Transparency Initiative – IATI) အဖွဲ့ဝင်အဖြစ် လက်ရှိဆောင်ရွက်လျက်ရှိခြင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများမှ ပေးအပ်နေသည့် အကူအညီများကို ပွင့်လင်းမြင်သာစွာ ရယူနိုင်ရန် Aid Information Management System အားအသုံးပြုလျက် Website တည်ထောင်ထားရှိခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အထိ ၅ နှစ်စာ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန Website တွင် လွှင့်တင်ထားရှိခြင်း၊ သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးကဏ္ဍနှင့် နိုင်ငံတော်၏ အခွန်ငွေစီးဆင်းမှု ပွင့်လင်းမြင်သာရှိစေရေးအတွက် ဒုတိယအကြိမ်နှင့် တတိယအကြိမ် EITI အစီရင်ခံစာများကို တင်သွင်းခဲ့ပြီး Myanmar EITI Website နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန Website တို့မှ ထုတ်ပြန်ကြေညာခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

Access to Information နှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်သံလိုင်းများဖြင့် ထုတ်လွှင့်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားဘာသာ ၁၇ ဘာသာဖြင့်လည်း ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ နေ့စဉ်သတင်းစာ မြန်မာဘာသာနှစ်စောင်၊ အင်္ဂလိပ်ဘာသာတစ်စောင် ထုတ်ဝေလျက်ရှိပါကြောင်း၊ MOI Web portal Myanmar Facebook, Website (Myanmar, English) MOI Blog, MOI Twitter တို့ကို ဖွင့်လှစ်ထားရှိပြီး Myanmar Digital News ကိုလည်း News Portal မှ ထုတ်လွှင့်လျက်ရှိပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေ (Right to Information Law) ဥပဒေမူကြမ်းကို ၁၁ ကြိမ် ဆွေးနွေးပြီး အခန်း ၁၄ ခန်း၊ ပုဒ်မ ၆၈ ခုဖြင့် ရေးဆွဲကာ ပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကပိုင်မီဒီယာများအနေဖြင့် သတင်းစာ ၄၆ စောင်၊ ဂျာနယ် ၅၄၂ စောင်၊ မဂ္ဂဇင်း ၄၄၄ အုပ်၊ သတင်းအေဂျင်စီလုပ်ငန်း ၁၀၇ ခုတို့ကို ခွင့်ပြုထားခဲ့ပြီး ဈေးကွက်တွင် သတင်းစာ ၂၆ စောင်၊ ဂျာနယ် ၂၁၉ စောင်နှင့် မဂ္ဂဇင်း ၂၁၀ ထုတ်ဝေလျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတွင် e-Government စနစ် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိအစိုးရအနေဖြင့် e-Government ဦးဆောင်ကော်မတီနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီတို့ကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈ ဖြင့် ဖွဲ့စည်းကာ မူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဦးစားပေးစီမံကိန်းသတ်မှတ်ရေး၊ ဝန်ဆောင်မှုအဆင်ပြေရန် ICT အခြေခံအဆောက်အအုံနှင့် အထောက်အကူပြုအစီအမံများ ပြည့်စုံရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအစိုးရအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကို ၂၀၁၈ ခုနှစ် ဇွန် ၂၁ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ဖွဲ့စည်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၈ ခုနှစ်



ကယားပြည်နယ်
မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း



ဒုတိယဝန်ကြီး
ဦးခင်မောင်တင်

မေ ၈ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ထုတ်ပြန်ချက်တွင် နိုင်ငံတော်သမ္မတသည် မိမိဦးစီးတစ်စီးပွားတည်းဖြစ်သော မိသားစုပိုင်ဆိုင်မှုပစ္စည်းများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၈နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း။

အလားတူ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတက ယခင်ခန့်အပ်ခဲ့သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ထပ်မံခန့်အပ်ခဲ့သည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ စီးပွားရေးလုပ်ငန်းနှင့် ပိုင်ဆိုင်မှုတန်ဖိုးများကို စာရင်းပြုစုပြီး ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပေးပို့တင်ပြထားပြီးဖြစ်ပါကြောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှုနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Sector Coordination Group–SCGs)များတွင် NGO, INGO နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအစည်းအဝေးများတွင်လည်း ကဏ္ဍအလိုက်တင်သွင်းနိုင်ရန် တိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပညာရှင်အစုနှင့် ပါဝင်သင့်ပါဝင်ထိုက်သည့် ကိုယ်စားလှယ်များ ပါဝင်သည့် ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီတွင် စီမံကိန်းလုပ်ငန်းအဖွဲ့များကို အရပ်ဘက်ကျွမ်းကျင်သူပုဂ္ဂိုလ်များဖြင့်သာ ဖွဲ့စည်းခဲ့ပြီး စေတနာ့လုပ်ငယ် ၃၅၁ ဦးက ပါဝင်ဆောင်ရွက်ခဲ့ကြပါကြောင်း၊ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကျယ်ပြန့်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မတီအနေဖြင့် UNCEDAW ကော်မတီကို လေးနှစ်တစ်ကြိမ် အစီရင်ခံစာတင်ပြနိုင်ရန်၊ အသိပေးချက်များ ဆောင်ရွက်ရန်၊ အာဆီယံအမျိုးသမီးရေးရာကော်မတီ၏လုပ်ငန်းစီမံချက် ၂၀၁၆-၂၀၂၀ အား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ Sustainable Development Goals (SDGs)တွင် ပါဝင်သော Gender Issues များကို အကောင်အထည်ဖော်ပြီး အမျိုးသမီးများ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် အပြည့်အဝဆောင်ရွက်နိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် ယခုအချိန်တွင် မြန်မာနိုင်ငံသည် OGP အဖွဲ့ဝင် မဟုတ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် OGP စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော လုပ်ငန်းကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေသည်မှာ ပေါ်လွင်နေပါကြောင်း၊ လက်ရှိအစိုးရထံ အာဏာလွှဲပြောင်းခြင်းမပြုမီ ယခင်အစိုးရအနေဖြင့် ပွင့်လင်းသောအစိုးရမဟာမိတ် ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖျက်သိမ်းခဲ့ပြီးဖြစ်ပါကြောင်း၊ ပယ်ဖျက်ခြင်း၊ ဖျက်သိမ်းခြင်း၊ ပျက်ပြယ်ခြင်းမရှိသည့်ကိစ္စများကို ဆက်လက်ဆောင်ရွက်သင့်က ဆောင်ရွက်နိုင်ပါကြောင်း၊ သို့သော် ပယ်ဖျက်ပြီး၊ ဖျက်သိမ်းပြီး ပျက်ပြယ်ပြီးဖြစ်သည့် ကိစ္စရပ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုသည်မှာ မဖြစ်နိုင်ပါသဖြင့် OGP အဖွဲ့သို့ ဝင်ရောက်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဆည်သုံးတန်ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်း သုံးကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခွဲပေါင်း လေးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ခြောက်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၇ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲပေါင်း ၁၁ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းပေါင်း သုံးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲပေါင်း လေးကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၄၈ ကျောင်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခဲ့ရာတွင် ယခုတင်ပြထားသည့် ကျောင်းကိုလည်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် **မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးက အဆိုပါဥပဒေတွင် အခန်းပေါင်း ၁၈ ခန်းနှင့် ပုဒ်မပေါင်း ၇၂ ခု ပါဝင်ပါကြောင်း၊ တိုင်းရင်းဆေးပညာဆိုသည်မှာ ကောင်စီအသိအမှတ်ပြုသည့်ဘွဲ့၊ ဒီပလိုမာရရှိသူဆိုသည့် တိုင်းရင်းဆေးဆရာများနှင့် ပုဒ်မ ၁၅ (စ) တွင် ဖော်ပြထားသည့် တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည့် တိုင်းရင်းဆေးဆရာဟူ၍ နှစ်မျိုးတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိသည့် တိုင်းရင်းဆေးဆရာဆိုသည့်နေရာတွင် အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အခန်း(၁)တွင် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုရန် အကြံပြုလိုပါကြောင်း။

မူလအဆိုပြုချက်တွင် အများပြည်သူယုံကြည်လေးစားသည့် ပညာရှင် ၂ ဦးဆိုသည့်ပြဋ္ဌာန်းချက်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားပါကြောင်း၊ ပယ်ဖျက်ရန်မလိုအပ်ဟု ယူဆပါကြောင်း၊ အဆိုပါနေရာတွင် အများပြည်သူ ယုံကြည်လေးစားသည့် ဥပဒေပညာရှင် ၂ ဦးဟူ၍ ထည့်သွင်းသင့်ပါကြောင်း၊ တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည့် ကျော်စောထင်ရှားပြီး တိုင်းရင်းဆေးဆရာဖြစ်ထိုက်သူ၏ အရည်အချင်းများ သတ်မှတ်ခြင်းဆိုသည့် ပြဋ္ဌာန်းချက်သည် ယေဘုယျဆန်သည်ဟု ယူဆပါကြောင်း။

တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်ခြင်းကဏ္ဍတွင် ကောင်စီကသတ်မှတ်ထားသော အရည်အချင်းပြည့်မီသူ၊ ပြည့်မီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရသူဟူ၍ ဆွေးနွေးခဲ့သည့် ပုဒ်မများတွင် ပါဝင်သည့်ပုဂ္ဂိုလ်များကို တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်ရန်အတွက် ယေဘုယျသတ်မှတ်ချက်ဖြင့် မဖော်ပြသင့်ပါကြောင်း၊ ရေရာတိကျသည့် ပြဋ္ဌာန်းချက်မျိုးဖြစ်ရန် လိုအပ်ပါကြောင်း၊ ဆေးကုသခွင့်လိုင်စင်ထုတ်ပေးရာတွင်လည်း ဆွေးနွေးခဲ့သည့် ပုဒ်မများတွင် ပါဝင်သည့်ပုဂ္ဂိုလ်များကို အထွေထွေဆေးကုသခွင့်လိုင်စင်ကို ကနဦးထုတ်ပေးရန် မသင့်လျော်ပါကြောင်း၊ တိုင်းရင်းဆေးအစွမ်းပြခဲ့ကြသည်မှာ မြန်မာ့ဆေးပညာ အမှန်တကယ်တတ်ကျွမ်းပြီး ထိုးထွင်းကြံစည်ဆုံးဖြတ်နိုင်သည့် ဉာဏ်စွမ်းများကြောင့် ဖြစ်ပါကြောင်း၊ အဆိုပါ ဉာဏ်စွမ်းများကို ပညာရပ်ဆိုင်ရာဖြင့်သာ သတ်မှတ်ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးက ကောင်စီ၏ လုပ်ပိုင်ခွင့်များဆိုသည့် ပြဋ္ဌာန်းချက်အောက်တွင် ဆေးကုသခွင့်လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ရုပ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်းလုပ်ပိုင်ခွင့်များကို ထည့်သွင်းသည်ကို အကြံပြုတင်ပြလိုပါကြောင်း၊ မူလဥပဒေကြမ်းတွင် မပါဝင်ဘဲ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ဖြည့်စွက်ထားသည့် အပိုဒ်-၁၄(စ)ကို ပြန်လည်ပယ်ဖျက်သင့်ပါကြောင်း၊ တိုင်းရင်းဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည့် တိုင်းရင်းဆေးဆရာဖြစ်ထိုက်သူ၏ အရည်အချင်းကို သတ်မှတ်ခြင်းဆိုသည့်အချက်ကို ဖြည့်စွက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော် အခန်း(၁၁)တွင် လိုင်စင်ထုတ်ပေးနိုင်သည့် အရည်အချင်းသတ်မှတ်ချက်များကို ရှင်းလင်းစွာ တိတိကျကျပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် မလိုအပ်ခြင်းဖြစ်ပါကြောင်း။

ထို့ပြင် အထူးဆေးကုသခွင့်လိုင်စင်ကို ပြည်တွင်းတိုင်းရင်းဆေးတက္ကသိုလ်ဘွဲ့ရနှင့် ပြည်ပဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာရရှိပြီး အရည်အချင်းပြည့်ဝသူများကို ထုတ်ပေးသည်ဟု ဖွင့်ဆိုဖော်ပြထားပါကြောင်း၊ အထူးဆေးကုသခွင့်လိုင်စင်ထက် တစ်ဆင့်နိမ့်သည့် ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်ကို ပြည်ပဆေးပညာဘွဲ့ရသည့် နိုင်ငံတကာတိုင်းရင်းဆေးဆရာကို ထုတ်ပေးသည်ဟု ဖွင့်ဆိုထားပါကြောင်း၊ ပြည်ပမှ ဆေးပညာဘွဲ့ရရှိသူကို အဆင့်နိမ့်သည့် ယာယီကန့်သတ်ဆေးကုသခွင့်လိုင်စင်သာပေး၍ ဒီပလိုမာသာရရှိသည့်သူကို အထူးဆေးကုသခွင့်လိုင်စင်ရရှိနိုင်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းကို ပြန်လည်စိစစ်သတ်မှတ်ရန် လိုအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်မှ နိုင်ငံတကာဆေးပညာဆိုသည့် စကားရပ်ကို ပြည်ပတိုင်းရင်းဆေးပညာဟူ၍ ပြင်ဆင်ထားသည်မှာ မဆီလျော်ပါကြောင်း၊ ဥပဒေတွင်လည်း နိုင်ငံတကာတိုင်းရင်းဆေးပညာဆိုသည်မှာ အကြိမ်ကြိမ်ပါနေပြီးဖြစ်သည့်အတွက် နိုင်ငံတကာဟူ၍ သုံးသင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)ကလည်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဩဂုတ် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# အတွေ့အကြုံကြွယ်ဝလာပြီဖြစ်သော လွှတ်တော်များ

ဒီမိုကရေစီလွှတ်တော် ပါလီမန်များသည် နှစ် ၅၀ ခန့် ကွယ်ပျောက်နေရာမှ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပြန်လည်အသက်ဝင်ရှင်သန်လာပါသည်။ ယနေ့အချိန်တွင် ဒုတိယအကြိမ်လွှတ်တော်များ အောင်မြင်စွာ ကျင်းပနေရာ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ဒုတိယသက်တမ်း၏ တစ်ဝက် လပေါင်း ၃၀ ပြည့်မြောက်မည်ဖြစ်ပါသည်။ လွှတ်တော်နာယကတာဝန် လွှဲပြောင်းရမည်လည်း ဖြစ်ပါသည်။ သက်တမ်းခုနစ်နှစ်ခွဲကြာအချိန်ကာလအတွင်း ရရှိထားသော အတွေ့အကြုံများကို အခြေပြုလျက် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွားကို အဓိကထား ဖော်ဆောင်နိုင်သော ပြည်ထောင်စုလွှတ်တော် ကောင်းမြတ်သောအစဉ်အလာများကို ဆက်လက်ဆောင်ကြဉ်းသယ်ဆောင်သွားမည်ဟု မျှော်မှန်းကြည့်ရှုရင်း ပြည်သူများက ဂုဏ်ပြုကြိုဆိုလျက်ရှိကြပါသည်။

### လွှတ်တော်မရှိလျှင် ဒီမိုကရေစီမရှိနိုင်

လွှတ်တော်သည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသော အဖွဲ့အစည်းဖြစ်ပြီး လွှတ်တော်မရှိလျှင် ဒီမိုကရေစီမရှိနိုင်ပါ။ လွှတ်တော်ရှိမှ ဒီမိုကရေစီရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် လွှတ်တော်သည် နိုင်ငံ၏ အသက်သွေးကြောဖြစ်ပါသည်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကာလအတွင်း "ပြည်သူ့အသံ-လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်" ဟူသော ဆောင်ပုဒ် ထွက်ပေါ်လာသည်။ အထူးပင် အဓိပ္ပာယ်ပြည့်ဝပြီး ကောင်းမွန်သည်ဟု ပြောစမှတ်ပြုကြပါသည်။ ဒီမိုကရေစီစနစ်သည် ပြည်သူ့အုပ်ချုပ်ရေးစနစ် ဖြစ်ပါသည်။ ပြည်သူများက ရွေးချယ်တာဝန်ပေးသူများကို ပြည်သူများက (ပြည်သူ့ကိုယ်စားလှယ်များက) ပြဋ္ဌာန်းသည့် ဥပဒေများဖြင့် အုပ်ချုပ်ရပါသည်။ ထို့ကြောင့်ပင် လွှတ်တော်က အတည်ပြုပေးလိုက်သော ဥပဒေများသည် ပြည်သူကို အကာအကွယ်ပေးနိုင်သည့် ဥပဒေများ ဖြစ်ရန်လိုပါသည်။ တကယ်တမ်းတွင်မူ လွှတ်တော်က ဆောင်ရွက်သမျှသည် ပြည်သူ့အတွက်ဖြစ်ရပါမည်။ နိုင်ငံကိုအကျိုးပြုရပါမည်။ သို့မှသာ လွှတ်တော်တာဝန် ကျေပွန်ကြပေမည်။ လွှတ်တော်၏ လုပ်ငန်းတာဝန်များတွင် ဥပဒေပြုခြင်း၊ ပြည်သူလုထုကို ကိုယ်စားပြုခြင်း၊ အပြန်အလှန်ထိန်းညှိခြင်းတို့ ပါဝင်ပါသည်။ ယင်းတာဝန်များအနက် အရေးကြီးဆုံးနှင့် အခြေခံအကျဆုံးတာဝန်မှာ ဥပဒေပြုခြင်းဖြစ်ပါသည်။

လွှတ်တော်က ဥပဒေပြုနိုင်ရန်အတွက် ဥပဒေကြမ်းများကို လွှတ်တော်သို့ ပထမဦးစွာ တင်သွင်းရပါသည်။ လွှတ်တော်သို့ အများပြည်သူဆိုင်ရာ ဥပဒေကြမ်းများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် လွှတ်တော်ကော်မတီများက တင်သွင်းကြပြီး ပုဂ္ဂလိကဥပဒေကြမ်းများကို လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းပါသည်။

### နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်

လွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း၊ နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်း၊ ပြည်သူများ အမှန်တကယ်လိုက်နာနိုင်သည့် တရားမျှတသည့် ဥပဒေဖြစ်ခြင်း၊ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များ (Treaties and Conventions) နှင့် ညီညွတ်ခြင်း စသည်တို့ရှိရပါမည်။

### လွှတ်တော်သည် ဥပဒေများကို ကိုယ်တိုင်ပြဋ္ဌာန်းရမည်

ဥပဒေဟုဆိုရာတွင် ဥပဒေပြုအာဏာပိုင်တစ်ရပ်ရပ်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ အက်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများစသည်တို့ ပါဝင်ပါသည်။ လွှတ်တော်သည် ဥပဒေများကို ကိုယ်တိုင်ပြဋ္ဌာန်းရမည်ဖြစ်ပြီး တစ်ဆင့်ခံဥပဒေများကိုမူ ကိုယ်တိုင်ပြဋ္ဌာန်းခွင့်ရှိသလို သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းသို့လည်း ပြဋ္ဌာန်းခွင့်ကို အပ်နှင်းနိုင်ပါသည်။

ဥပဒေပြုပြီးနောက် ပြဋ္ဌာန်းပြီးဥပဒေများသည် အာဏာသက်ဝင်ခြင်း ရှိ၊ မရှိ၊ ဥပဒေပါရည်ရွယ်ချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိ၊ ဥပဒေပါဖွဲ့စည်းရမည့် အဖွဲ့အစည်းများကို ဖွဲ့စည်းထားခြင်း ရှိ၊ မရှိ၊ ထုတ်ပြန်ရန် လိုအပ်သည့် တစ်ဆင့်ခံဥပဒေများကို ထုတ်ပြန်ထားခြင်းရှိ၊ မရှိ၊ ပြည်သူများအနေဖြင့် အမှန်တကယ်လိုက်နာနိုင်ခြင်း ရှိ၊ မရှိ၊ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် လိုအပ်ခြင်းရှိ၊ မရှိတို့ကို စိစစ်ရမည့်တာဝန်မှာ လွှတ်တော်၏ တာဝန်ပင်ဖြစ်ပါသည်။

ထိန်းညှိခြင်းတာဝန်အနေဖြင့် ထုတ်ပြန်ထားသည့်ဥပဒေများကို အစိုးရနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးက လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းရှိ၊ မရှိ၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများကလည်း မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ခြင်းရှိ၊ မရှိတို့ကို လွှတ်တော်က စောင့်ကြည့်စိစစ်ရပါသည်။ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် အဓိကမဏ္ဍိုင်ဖြစ်သော ပြည်သူများ၏ စောင့်ကြည့်ထိန်းညှိခြင်းကိုလည်း ဥပဒေပြုမဏ္ဍိုင်က ခံယူရမည်ဖြစ်ပါသည်။

ကိုယ်စားပြုခြင်းတာဝန်အနေဖြင့် လွှတ်တော်သည် ပြည်သူ့ကိုယ်စား နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သောဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြည်သူတို့၏ လိုအပ်ချက်များကို အချိန်အခါနှင့်အညီ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းတို့ကို လုပ်ဆောင်ပါသည်။

ဥပဒေပြုရေးလုပ်ငန်းတာဝန်သည် လွှတ်တော်၏ အရေးကြီးဆုံးတာဝန်ဖြစ်ပြီး လွှတ်တော်သည် ဥပဒေပြုလုပ်ငန်းစဉ်အားလုံးတွင် တာဝန်ရှိသလို ဥပဒေများကောင်းခြင်း၊ မကောင်းခြင်းမှာလည်း လွှတ်တော်၏တာဝန်ပင်ဖြစ်ပါသည်။ ပြီးပြည့်စုံသည်ဟု မဆိုနိုင်သော်လည်း ဥပဒေကောင်းများ ပေါ်ထွက်ရန်အတွက် ဥပဒေပြုပြီးနောက် စိစစ်စောင့်ကြည့်သည့်လုပ်ငန်းများကို လွှတ်တော်က စဉ်ဆက်မပြတ် လုပ်ဆောင်ရမည်ဖြစ်၍ လွှတ်တော်၏ တာဝန်သည် ကြီးမားပါသည်။

လွှတ်တော်က စောင့်ကြည့်ထိန်းညှိခြင်းတာဝန်အရ ဆောင်ရွက်ခြင်းကို လိုက်နာခြင်းမရှိပါက သက်ဆိုင်သူများကို လိုအပ်သလိုအရေးယူခြင်း လုပ်ဆောင်နိုင်ပါသည်။ ယင်းအာဏာသည် စွပ်စွဲပြစ်တင်နိုင်သည့်အာဏာဖြစ်ပြီး လိုအပ်လျှင် အသုံးပြုနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်သို့ အပ်နှင်းထားရှိပါသည်။ ထို့ကြောင့် လွှတ်တော်အနေဖြင့် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက အခွင့်အာဏာ သို့မဟုတ် တပ်ဆင်ထားသည့် လက်နက်များကိုလည်း ထုတ်သုံးနိုင်ပါသည်။

### လပေါင်း ၃၀ ပြည့်

လွှတ်တော်၏လုပ်ငန်းများဆောင်ရွက်ရန် အဓိကတာဝန်ရှိသည်မှာ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံတော်အတွက် နိုင်ငံတော်၏ အသက်ဝိညာဉ်ဖြစ်သည့် လွှတ်တော်တွင် တာဝန်ထမ်းဆောင်နေကြသည့် လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် အလွန်အရေးကြီးသည့်တာဝန်များကို ထမ်းဆောင်နေကြသူများဖြစ်ပါသည်။ ကြီးမားများပြားလှသည့် တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နိုင်ရန် စေတနာနှင့် အရည်အချင်းပြည့်ဝ ကောင်းမွန်သည်ထက် ကောင်းမွန်ခြင်းအားဖြင့် နိုင်ငံ့အကျိုး၊ အများအကျိုးကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒမွန်ဖြင့် ဒုတိယအကြိမ် လွှတ်တော်များ သက်တမ်း၏ တစ်ဝက် လပေါင်း ၃၀ ပြည့်မြောက်သည့် အခါသမယတွင် ဂုဏ်ပြုလိုက်ရပါသည်။ ။

**မေနွယ်အေး**

> **"ဒီမိုကရေစီနိုင်ငံတော်အတွက် နိုင်ငံတော်၏ အသက်ဝိညာဉ်ဖြစ်သည့် လွှတ်တော်တွင် တာဝန် ထမ်းဆောင်နေကြသည့် လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် အလွန် အရေးကြီးသည့်တာဝန်များကို ထမ်းဆောင်နေကြသူများ ဖြစ်ပါသည်။ ကြီးမားများပြားလှသည့် တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နိုင်ရန် စေတနာနှင့် အရည်အချင်းပြည့်ဝ ကောင်းမွန်သည်ထက် ကောင်းမွန်ခြင်းအားဖြင့် နိုင်ငံ့အကျိုး၊ အများအကျိုးကို ဆောင်ရွက်နိုင်ကြပါစေကြောင်း"**

## ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံပြုပြင်နေစဉ် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့တွင် လျှပ်စစ်ဓာတ်အား ခေတ္တပြတ်တောက်နိုင်

**မြစ်ကြီးနား ဩဂုတ် ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ်များအတွင်း လျှပ်စစ်ဓာတ်အား တာဝန်ယူဖြန့်ဖြူးပေးလျက်ရှိသည့် ဘူးဂါးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းနယ်ပယ်အတွင်း နိုင်ငံတော်နှင့် အကျိုးတူလျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည့် ချီဖွေငယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ ရေလှောင်တမံ၊ ရေဥမင်တို့အတွင်း စစ်ဆေးခြင်းနှင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်အမှတ်(၂)၏ Main Ball Valve တို့အား ဩဂုတ် ၁ ရက်မှ ၁၂ ရက်အထိ စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြင်ဆင်မှုနှင့်ပတ်သက်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည့်အစီအစဉ်များကို ဘူးဂါးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ မန်နေဂျာ(ဖြန့်ဖြူး) ဦးလအောင်က "ကျွန်တော်တို့ကုမ္ပဏီကို ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးကနေပြီး ချီဖွေငယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြင်ဆင်သွားမယ့် အစီအစဉ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသွားမယ့်အစီအစဉ်တွေကို တင်ပြပါဆိုပြီး ညွှန်ကြားလာပါတယ်။ ဘူးဂါးလျှပ်စစ်ကုမ္ပဏီကနေပြီး မလိရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံ၊ ချီဖွေငယ်ဓာတ်အားပေးစက်ရုံတွေက ထုတ်လုပ်တဲ့ လျှပ်စစ်ဓာတ်အားတွေကို ဝိုင်းမော်မြို့နဲ့ မြစ်ကြီးနားမြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာတွေကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ချီဖွေငယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြင်ဆင်မှုဆောင်ရွက်ခြင်းကြောင့် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှာ အနည်းငယ်ထိခိုက်နိုင်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

ချီဖွေငယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြင်ဆင်စဉ် ဝိုင်းမော်မြို့နယ်အတွင်း ဖြန့်ဖြူးပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားသည် မလိရေအားလျှပ်စစ်နှင့် ပို့လွှတ်လျက်ရှိခြင်းကြောင့် ပုံမှန်အတိုင်းရှိနေမည်ဖြစ်ပြီး မြစ်ကြီးနားမြို့နယ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားခွဲရုံ သုံးရုံမှပို့လွှတ်လျက်ရှိသည့် ဖီဒါတွင် ပါဝင်သည့်ရပ်ကွက်၊ ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားနည်းခြင်းများဖြစ်ပေါ်မည့်ပြဿနာသာ တွေ့ကြုံရမည်ဖြစ်ကာ မြစ်ကြီးနားမြို့ မြောက်ပိုင်းရပ်ကွက်များဖြစ်သည့် မန်ခိန်၊ ရွှေစက်၊ ပလန၊ အာလာမ်၊ နောင်နန်းကျေးရွာအုပ်စုများအား လိုအပ်လျှင် အများပြည်သူ မီးသုံးစွဲမှုများသည့် အချိန်များတွင် ခေတ္တဖြတ်တောက်မည်ဖြစ်သည်။



မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ်များတွင် လက်ရှိလျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ မဂ္ဂါဝပ် ၂၀ ဝန်းကျင် သုံးစွဲလျက်ရှိပြီး နိုင်ငံတော်ဓာတ်အားလျှပ်စစ်နှင့် ချိတ်ဆက်ထားသည့် ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံမှ မဂ္ဂါဝပ် ၁၀ အား နေ့စဉ် ဝယ်ယူသုံးစွဲနေရခြင်းကြောင့် ယခုကဲ့သို့ ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံ ပြင်ဆင်စဉ်ကာလအတွင်း မီးအားနည်းခြင်း၊ မီးအား မပြည့်မီခြင်းများဖြစ်ပေါ်နေပါက လျှပ်စစ်မီးသုံးစွဲသူ မိဘပြည်သူများအနေဖြင့် မလိုလားအပ်သည့် လျှပ်စစ်အန္တရာယ်များမဖြစ်ပေါ်စေရေး သတိပြုဆင်ခြင်သုံးစွဲသွားရန်လိုအပ်ကြောင်းနှင့် ဘူးဂါးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများတွင် ပြည်သူများလျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရေး ၁၀ မီတာအရှည် ကွန်ကရစ်ဓာတ်တိုင်များနေရာတွင် ၁၂ မီတာအရှည် ကွန်ကရစ်ဓာတ်တိုင်များ စိုက်ထူပေးခြင်း၊ အဆင့်မြင့်ကာဘာအုပ် ကေဘယ်ကြိုးများ လဲလှယ်တပ်ဆင်ခြင်းနှင့် ထရန်စဖော်မာများ တပ်ဆင်လဲလှယ်ပေးခြင်းကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျပန်-မြန်မာလွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အထွေထွေအတွင်းရေးမှူး မစ္စတာ ခိုဗိုယာမာမိုတိုအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဂျပန်-မြန်မာ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အထွေထွေအတွင်းရေးမှူး မစ္စတာ ခိုဗိုယာမာမိုတိုနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဂျပန်-မြန်မာ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုမြင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ အလုပ်သင်အလုပ်သမားများ စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ သက်မွေးမှုပညာသင်ကျောင်းများ တည်ဆောက်ဖွင့်လှစ်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် ဩဂုတ် ၂**
မြန်မာနိုင်ငံအတွင်း ရေဘေးအန္တရာယ်ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

ရှေးဦးစွာ ရေဘေးသင့်ပြည်သူများအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လက်ဆောင်ပေးခြင်းနှင့် အလှူဒါနခေါင်းစဉ်မှ လှူဒါန်းငွေကျပ် ၁၁၄ သိန်း ၂ သောင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ် တစ်ရက်စာ စုပေါင်းလှူဒါန်းငွေကျပ် ၈၅ သိန်း ၈ သောင်း စုစုပေါင်း ကျပ်သိန်း ၂၀၀ ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံသို့ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)၏ ပထမအကြိမ် IT Camp ကျင်းပမည်

**မိတ္ထီလာ ဩဂုတ် ၂**
ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)၏ ပထမအကြိမ် IT Camp ကို ဩဂုတ် ၂၅ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ကျင်းပသွားမည်ဖြစ်သည်။ ယင်း IT Camp တွင် ဆွေးနွေးပွဲခန်း ငါးခန်းနှင့် ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ) မှ ကျောင်းသား ကျောင်းသူများ၏ လုပ်ဆောင်မှုပြခန်း နှစ်ခန်းကိုပါ ထည့်သွင်းပြသမည်ဖြစ်သည်။

IT Camp ကျင်းပခြင်းမှာ အသိပညာဗဟုသုတများ ဖလှယ်နိုင်ခြင်း၊ ITနှင့် ဆက်စပ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေနိုင်ခြင်း၊ IT နှင့်ပတ်သက်သည့် ခေတ်ပေါ်နည်းပညာများကို လေ့လာဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ ယင်း IT Camp တွင် မိတ္ထီလာမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများ အဓိကပါဝင်မည်ဖြစ်သည်။

ယင်းအပြင် မြန်မာနိုင်ငံပညာရှင်အသင်း၊ မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်နှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် IT ဆက်စပ်လုပ်ငန်းရှင်များက ပူးပေါင်းပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။ **ကြေးမုံ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း(၂၀၁၉ -၂၀၂၂) ပါ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် လေ့လာစောင့်ကြည့်ခြင်းနှင့် စိစစ်သုံးသပ်ခြင်းနည်းလမ်းများ၊ စီမံကိန်းများရေးဆွဲခြင်းသင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) ပါ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် လေ့လာစောင့်ကြည့်ခြင်းနှင့် စိစစ်သုံးသပ်ခြင်း နည်းလမ်းများ၊ စီမံကိန်းများ ရေးဆွဲခြင်းသင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ၂၀၁၃ ခုနှစ်ကတည်းက စတင်ပြီး မဟာဗျူဟာစီမံကိန်းကို ချမှတ်ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက်လည်း ယခု ၂၀၁၈ ခုနှစ်ကတည်းက စတင်၍ တိုင်းဒေသကြီး၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများကို ချပြ အကြံဉာဏ်များ ရယူပြီး ရေးဆွဲပါကြောင်း။

မဟာဗျူဟာစီမံကိန်းပါ ဆောင်ရွက်ရမည့်လုပ်ငန်းများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအားလုံးက မိမိတို့ သက်ဆိုင်ရာကဏ္ဍတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးမြောက်အောင်မြင်အောင်လည်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ကဏ္ဍအလိုက် လုပ်ငန်းစဉ်များကို လေ့လာစောင့်ကြည့်နေမှသာ အချိန်မီပြီးစီးမှု ရှိ၊ မရှိနှင့် အကောင်အထည်ဖော်ခြင်း အကျိုးဆက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာခေါင်းစဉ်လုပ်ငန်းစဉ်အလိုက် တာဝန်ယူဆောင်ရွက်ကြသူများနှင့် လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများသည် အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်လျှင် အောင်မြင်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် အများပြည်သူမျှော်လင့်ထားသော လွတ်လပ်၍ တရားမျှတမှုရှိခြင်း၊ အများယုံကြည်မှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ပြည်သူ့ဆန္ဒနှင့်ကိုက်ညီသည့် ရလဒ်များရရှိမည်ဖြစ်ကြောင်း၊ မဟာဗျူဟာစီမံကိန်း၏ ကဏ္ဍတစ်ခုချင်းစီအလိုက် အရေးကြီးသကဲ့သို့ ကဏ္ဍအားလုံးတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ မဟာဗျူဟာစီမံကိန်းတွင် ပါဝင်သော ခေါင်းစဉ် ၁၁ ခုသည် ရွေးကောက်ပွဲစက်ဝန်းတွင် ပါရှိသည့် ကာလသုံးခုလုံးအတွက် ပံ့ပိုးအကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ IFES အဖွဲ့မှ Deputy Country Director ဖြစ်သူ Ms. Pascaline Krone က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် သင်တန်းအစီအစဉ်များကို လည်းကောင်း၊ Director, M&E and Survey Research ဖြစ်သူ Mr. Rakesh Sharma က လေ့လာစောင့်ကြည့်ခြင်း၊ စိစစ်သုံးသပ်ခြင်းတို့နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် သင်တန်းသားများက အဖွဲ့ ငါးဖွဲ့ခွဲ၍ မဟာဗျူဟာစီမံကိန်း ခေါင်းစဉ်များအလိုက် ဆွေးနွေးကြသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ပြီး ဩဂုတ် ၂ ရက်နှင့် ၃ ရက် နှစ်ရက်တာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဂျပန်-မြန်မာ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အထွေထွေအတွင်းရေးမှူး မစ္စတာခိုဇိုယာမာမိုတိုအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျပန်နိုင်ငံ ဂျပန်-မြန်မာ လွှတ်တော်အချင်းချင်းချစ်ကြည်ရင်းနှီးရေးအသင်း အထွေထွေအတွင်းရေးမှူး မစ္စတာခိုဇိုယာမာမိုတိုနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဂျပန်-မြန်မာ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် ဩဂုတ် ၂**

မြန်မာနိုင်ငံအတွင်း ရေဘေးအန္တရာယ် ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

### ပေးအပ်လှူဒါန်း

ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၂၃ ဦး၏ တစ်ရက်စာ နေ့တွက်စရိတ် လှူဒါန်းငွေကျပ် ၄၄ သိန်း ၄ သောင်းကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လက်ခံရယူသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

အမျိုးသားပညာရေးဥပဒေနှင့်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေတို့နှင့်စပ်လျဉ်းသည့် သုံးသပ်ဆွေးနွေးခြင်း ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တို့မှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)၌ အားကစားလှုပ်ရှားမှုများ ထည့်သွင်းကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂**

"ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ပွဲတော်နွဲပျော်စို့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို နိုင်ငံတော်ကကြီးမှူး၍ မန္တလေးတက္ကသိုလ်ပရဝဏ်အတွင်း ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ စတင်ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်ကျင်းပရာတွင် အားကစားလှုပ်ရှားမှုများကို ထည့်သွင်းကျင်းပမည်ဖြစ်ရာ အပန်းဖြေအားကစားပြိုင်ပွဲများ၊ ယှဉ်ပြိုင်အားကစားပြိုင်ပွဲများ၊ အားကစားသရုပ်ပြပွဲများ၊ စုပေါင်းလမ်းလျှောက်ခြင်း စသည့် အားကစားလှုပ်ရှားမှုများ ပါဝင်မည်ဖြစ်ရာ အပန်းဖြေအားကစားပြိုင်ပွဲများကို မန္တလေးတက္ကသိုလ် စစ်ရေးပြကွင်း၌ တစ်ဦးချင်းပြိုင်ပွဲများအဖြစ် ခေါင်းအုံးရိုက် (ကျား/မ)၊ ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲ (ကျား/မ)၊ ဘတ်စကက်ဘောဂိုးသွင်းပြိုင်ပွဲ (ကျား/မ)၊ သုံးချောင်းထောက်အပြေးပြိုင်ပွဲ (ကျား/မ)၊ ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲ (ကျား/မ)ပြိုင်ပွဲများ၊ အသင်းလိုက်ပြိုင်ပွဲများအဖြစ် လွန်ဆွဲ(ကျား/မ)နှင့် ထုပ်ဆီးတိုး (မ) ပြိုင်ပွဲများ၊ ပြိုင်ပွဲအထိမ်းအမှတ် တက္ကသိုလ်ပေါင်းစုံပြိုင်ပွဲအဖြစ် မန္တလေးတက္ကသိုလ် Open Shed အားကစားရုံ၌ ဘော်လီဘောပြိုင်ပွဲ၊ မန္တလေးတက္ကသိုလ် အားကစားရုံ၌ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ သရုပ်ပြမည့် အားကစားနည်းများကို မန္တလေးတက္ကသိုလ် အားကစားရုံ၌ ဝူရှူး၊ ကျွမ်းဘား၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ခြင်းလုံး၊ Myanmar Fitness Dance စသည့် အားကစားနည်းများ သရုပ်ပြခြင်းကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။ စုပေါင်းလမ်းလျှောက်ပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၅ နာရီခွဲတွင် မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့မှ စတင်တာလွှတ်ပြီး မန္တလေးတက္ကသိုလ်အတွင်းလမ်းအတိုင်းပတ်၍ နှစ်မိုင်ခန့် အကွာအဝေးအတိုင်း စုပေါင်းလမ်းလျှောက်ကြမည်ဖြစ်သည်။

ပြိုင်ပွဲများအလိုက် ဆုချီးမြှင့်မည်ဖြစ်ပြီး အားကစားဆိုင်ရာ ဓာတ်ပုံပြပွဲများကို အာဆီယံ ကျောင်းသားအားကစားပြိုင်ပွဲ၊ တက္ကသိုလ်များ အားကစားပြိုင်ပွဲယှဉ်ပြိုင်မှု မှတ်တမ်းဓာတ်ပုံများ၊ လူထုအားကစားလှုပ်ရှားမှု မှတ်တမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲ မှတ်တမ်းများ၊ နိုင်ငံတကာပြိုင်ပွဲများ လက်ခံကျင်းပခဲ့သည့် မှတ်တမ်းများ၊ နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်/အောင်မြင်ခဲ့သည့် မှတ်တမ်းများ၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ လက်ခံကျင်းပခဲ့သည့် မှတ်တမ်းများ၊ ပြည်တွင်းရှိ အားကစားကွင်း/ရုံများ၏ မှတ်တမ်းများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းသား ကျောင်းသူများ နေထိုင်၊ စားသောက်၊ သင်ကြားနေမှုနှင့် အောင်မြင်မှု မှတ်တမ်းများ ထည့်သွင်းပြသထားမည်ဖြစ်သည်။

### ဆက်သွယ်စာရင်းပေးပို့နိုင်

သို့ဖြစ်ပါ၍ အသင်းလိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဩဂုတ် ၉ ရက် နောက်ဆုံးထား စာရင်းပေးသွင်းရန်နှင့် တစ်ဦးချင်းပြိုင်ပွဲများကို နေ့စဉ် နံနက် ၉ နာရီ၊ ၁၁ နာရီနှင့် မွန်းတည့် ၁၂ နာရီတို့တွင် ကျင်းပမည်ဖြစ်၍ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ပြိုင်ပွဲ မစတင်မီ ၁၅ မိနစ်အလို ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း၊ မည်သူမဆို ပါဝင်ယှဉ်ပြိုင်ဆင်နွှဲနိုင်ကြောင်းနှင့် လာရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်း၊ ယှဉ်ပြိုင်လိုသူများသည် ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင် (မန္တလေး/သိပ္ပံ) ဖုန်း-၀၉-၄၃၁၀၀၈၅၂၊ ၀၂-၈၀၉၀၀၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော် (မန္တလေး/သိပ္ပံ) ဖုန်း-၀၉-၂၅၀၈၄၈၆၆၁ တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

✪ ဒုတိယသမ္မတမှ

ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ချိန်မှစ၍ ယနေ့ကျင်းပသည့် အစည်းအဝေးသည် တတိယအကြိမ်မြောက် အစည်းအဝေးဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွင်း ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးမကျင်းပမီ ကာလများတွင်လည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများအပါအဝင် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

**ရင်းနှီးမြှုပ်နှံလာကြသည့် ကုမ္ပဏီ ၉၇ ခုရှိ**

၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေအရ မြန်မာနိုင်ငံတွင် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်လျက်ရှိရာ သီလဝါအထူးစီးပွားရေးဇုန်တွင် ဇုန် A သည် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးလုနီးပါးရှိပြီဖြစ်ပြီး တစ်ဆက်တည်းမှာပင် ဇုန် B ကို ဆက်လက်အကောင်အထည်ဖော်နေပြီ ဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံလာကြသည့် ကုမ္ပဏီစုစုပေါင်း ၉၇ ခုအထိရှိနေပြီဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၉၁ ဒသမ ၉၀ သန်း ရှိပါကြောင်း၊ လက်ရှိလည်ပတ်နေသည့် စက်ရုံ ၅၂ ရုံ ရှိနေပြီဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ထားဝယ်နှင့် ကျောက်ဖြူဇုန်များအနေဖြင့် တိုးတက်မှုနှေးကွေးနေသေးသည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ထိရောက်သည့် တိုးတက်မှုတစ်ခုရရှိလာရန် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူအောင်မြင်ပြီးဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုအပါအဝင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အထောက်အကူပြုနိုင်သည့် စီမံကိန်းဖြစ်သည့်အတွက် အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျောက်ဖြူဇုန်ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် Framework Agreement လက်မှတ်ရေးထိုးနိုင်ရန် ညှိနှိုင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိရာ တိုးတက်မှုရှိလာမည်ဟု ယုံကြည်ပါကြောင်း။

**အလျင်အမြန်စတင်**

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် ဂျပန်နိုင်ငံသည် (Special Purpose Vehicle-SPV)တွင် ပါဝင်ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စီမံကိန်းမြန်မြန်ပြီးလျှင် မြန်မြန်ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည့်အတွက် ကနဦးစီမံကိန်းအပါအဝင် ပင်မစီမံကိန်းကိုပါ အလျင်အမြန်စတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိအကောင်အထည်ဖော်နေဆဲ အထူးစီးပွားရေးဇုန်များ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာစေရန် အစွမ်းကုန်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ရာ ပွင့်လင်းမြင်သာစွာ ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုအဖွဲ့တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်ထူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ဒေါ်နီလာကျော်က သီလဝါအထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ထားဝယ်အထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကျော်လင်းက ထားဝယ်-ထီးခီးနှစ်လမ်းသွားကားလမ်း တည်ဆောက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဗဟိုအဖွဲ့တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်ထူးက ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာ အမှာစာတင်ပြချက်နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်နှင့် ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်မှ ဒေါက်တာမြင့်ဆန်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်မှ ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ ဦးဟင်နရီဗန်ထီးယူက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်သော်လည်း တစ်ဖက်နှင့်တစ်ဖက်မျှတမှုရှိရန် ချင့်ချိန်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**လက်တွေ့အကျိုးခံစားရစေရေး**

ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ မြန်မာ-ထိုင်း-ဂျပန်သုံးဦးသုံးဖလှယ်ပူးပေါင်းဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် လက်ရှိစာချုပ်များနှင့် MoU များကို ပြန်လည်သုံးသပ်၍ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို လေ့လာအကြံပြုပေးစေလိုပါကြောင်း၊ ကနဦးစီမံကိန်းတွင် မြန်မာ-ထိုင်းအစိုးရချင်း ပူးပေါင်းဆောင်ရွက်မည့် ထားဝယ် - ထီးခီးလမ်း ဖောက်လုပ်ရေးစီမံကိန်းအမြန်ဆုံးဖြစ်မြောက်အောင် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ သီလဝါဇုန်နှင့်ပတ်သက်၍ လက်ရှိအောင်မြင်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းထားကြရမည်ဖြစ်ပါကြောင်း၊ မြေယာဆိုင်ရာ တင်ပြမှုများကိုလည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းဖြေရှင်းကြရမည်ဖြစ်ပါကြောင်း၊ သီလဝါဇုန်သည် ထပ်မံတည်ထောင်ရန်ရည်ရွယ်ထားသည့် အထူးစီးပွားရေးဇုန်အားလုံးအတွက် စံပြပုံစံတစ်ခုဖြစ်သည့်အတွက် ကျင့်သုံးသည့် စနစ်များကို ကမ္ဘာ့အဆင့်မီတိုးတက်အောင် အမြဲလေ့လာပြုပြင်ပြောင်းလဲနေရန် လိုအပ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်များ အတိုင်းအတာတစ်ခုထိ တိုးတက်လာစေပြီး ပြည်သူများ လက်တွေ့အကျိုးခံစားရစေရေးနှင့် မျှော်လင့်ချက်များ ရှင်သန်လာစေရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

❖ ကျောဖုံးမှ

ဖြတ်သန်းသွားလာလျက်ရှိပြီး ဘားအံမြို့နယ် ကျုံဖဲကျေးရွာအုပ်စု ကော့နောင်ဖိုင်ကျေးရွာအနီးရှိ တံတားအမှတ် ၂/၉ ကော့နောင်ဖိုင်နှင့် ဘုရားကုန်းကြား အိန္ဒူ-ဇာသပြင်ကားလမ်းတွင်လည်း ခြောက်လက်မခန့်သာ ရေကျော်နေသောကြောင့် ယာဉ်ငယ်များနှင့် ဆိုင်ကယ်များမှာ ဩဂုတ် ၁ ရက် နံနက်ပိုင်းမှစတင်၍ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းမောင်းနှင်နေကြပြီဖြစ်ပြီး သံလွင်တံတားအဆင်းလမ်းဆုံ ကိုကလယ်ကျောင်းကွေ့နှင့် မြို့သစ်တိုင်းရင်းဆေးရုံရှေ့၌ ရေများလျက်ရှိနေသေးကြောင်း ဒေသခံများထံမှ သိရသည်။

ကရင်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး သံလွင်မြစ်ရေတိုက်စားခြင်းကြောင့် ဘားအံမြို့နယ် တရုတ်လှကျေးရွာ တရုတ်လှကျွန်းထိပ်ရှိ ဘုန်းတော်ကြီးကျောင်း၌ နှစ်ပေါင်း ၅၀ နီးပါးကြာ တည်ထားကိုးကွယ်ထားသည့် စေတီကြီး တစ်ဆူနှင့် အရန်စေတီ လေးဆူမှာ ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းက ပြိုကျခဲ့ရပြီး ဘားအံမြို့နယ် 66/11kV ဘုရားကုန်းဓာတ်အားခွဲရုံအတွင်း ရေဝင်ရောက်မှုဖြစ်ပွားခဲ့သောကြောင့် အဆိုပါဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားမှုကို ယင်းနေ့နံနက်ပိုင်းမှစတင်၍ ဓာတ်အားဖြတ်တောက်ခဲ့ရကြောင်း သိရသည်။

ဘားအံမြို့နယ်အတွင်း ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိရာ စေတနာရှင်အလှူရှင်များ မရောက်ဖြစ်သေးသည့် ကျေးရွာ သုံးရွာဖြစ်သော မီးပုံး၊ တကောင်ဘိုးနှင့် ဝဲပျံကျေးရွာများသို့ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများအား ကရင်ပြည်နယ် လူငယ်မောင်မယ်များအဖွဲ့က ဩဂုတ် ၁ ရက်တွင် သွားရောက်လှူဒါန်းခဲ့ကြသည်။ ရပ်ဝေးရပ်နီးမှ ပေးပို့လှူဒါန်းကြသော စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုများကို ကရင်ပြည်နယ် လူငယ်မောင်မယ်များအဖွဲ့က အလှူရှင်အရောက်အပေါက်နည်းသော ကျေးရွာများသို့ ဒေသခံ ရပ်မိရပ်ဖများနှင့် ရွာခံပရဟိတလူငယ်များဖြင့် ချိတ်ဆက်လှူဒါန်းပေးလျက်ရှိကြောင်း၊ ဘားအံ - သထုံလမ်း ဝါးပိုးတောလမ်းခွဲမှ ဖာပွန်သို့သွားရာလမ်းတစ်လျှောက်ဖြစ်သော တကောင်ဘိုးကျေးရွာအလွန်ရှိ လက်ပံတန်းနှင့် ဆိတ်ကျောင်းကျေးရွာနှစ်ရွာမှာ ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သောကြောင့် ရွာလုံးကျွတ် ရေနစ်မြုပ်ခဲ့ကြရပြီး လက်ရှိအနေအထားအရ ကူညီကယ်ဆယ်မှုများလည်း မရောက်ရှိသေးကြောင်း၊ တကောင်ဘိုးကျေးရွာမှစတင်၍ လက်ပံတန်း၊ ဆိတ်ကျောင်း၊ ဝဲပျံနှင့် မိဇိုင်းကျေးရွာအထိ ရေလွှမ်းမိုးမှုဖြစ်ပွားသော ကျေးရွာများသို့ ကူညီကယ်ဆယ်မှုများ ရောက်ရှိခြင်းမရှိသေးဘဲ အထောက်အပံ့ပစ္စည်းများ အထူးလိုအပ်လျက်ရှိသောကြောင့် စေတနာရှင်အလှူရှင်များအား ကရင်ပြည်နယ် လူငယ်မောင်မယ်များအဖွဲ့က အသိပေးထားကြောင်း သိရသည်။

**ပွင့်သစ္စာ**



# ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့အလိုက် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့အလိုက် ရေဘေးသင့်ဒေသများရှိ ပြည်သူများကို စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယမန်နေ့က ပဲခူးမြို့ ကလိချောင်းရေမြင့်တက်မှုကြောင့် ဘုရားကြီးမြို့ရှိ ရပ်ကွက်ကြီး ၁ ရွှေပြည်အေး တိုးချဲ့ရပ်ကွက်အတွင်း ရေဝင်ရောက်လာသည့်အတွက် ရပ်ကွက်နေပြည်သူများအား သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက ဘေးလွတ်ရာ မဟာဝိဇယရံသီ စေတီတော်မြတ်ကြီးရှိ ဓမ္မာရုံသို့ ကူညီပြောင်းရွှေ့ပေးခဲ့သည်။ ဇူလိုင် ၃၁ ရက်ကလည်း ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ ကြေးနီကန်ဘုန်းကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၅၇၁ စု၊ လူဦးရေ ၂၉၉ ဦးတို့အတွက် ညနေစာ ထမင်းဘူးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အတူ မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ကူညီပြောင်းရွှေ့ပေးခြင်း၊ ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများတွင် လုံခြုံရေးဆောင်ရွက်ပေးခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်းစဉ်**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကြံပြုချက်

**နေပြည်တော် ဩဂုတ် ၂**

မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသူများအနေဖြင့် မြစ်ရေကြီးမှုဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြရန်နှင့် မော်လိုက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အကြံပြုထားသည်။

**သတင်းစဉ်**



**ဩဂုတ် ၂ ရက်က ရန်ကုန်မြို့၌ မိုးသည်းထန်စွာရွာသွန်းသဖြင့် မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံအနီး ရေကြီးရေလျှံမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။** ကြေးမုံ

# မြစ်ရေကြီးခြင်းသတိပေးချက်

**နေပြည်တော် ဩဂုတ် ၂**

**ချင်းတွင်းမြစ်**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မော်လိုက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**စစ်တောင်းမြစ်**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ငါးပေခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ငါးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **မိုး/ဇလ**

# ရေကြီးတဲ့နေရာလေးပဲကွက်ပြီး စဉ်းစားလို့မရဘူး၊ ရေကြီးတဲ့ အချက်အလက်တွေပါတဲ့ ခြုံငုံလေ့လာသုံးသပ်ချက်တွေကို လုပ်ဖို့လိုပါမယ်

တွေ့ဆုံမေးမြန်း-သီသီမင်း
ဓာတ်ပုံ- မင်းလက်ဝါး

**မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု၊ ရေလွှမ်းမိုးမှု ဘေးဒုက္ခအန္တရာယ်များကို လူဦးရေ သုံးသောင်းနီးပါး ရင်ဆိုင်ကြုံတွေ့ နေရကြောင်း နောက်ဆုံးရရှိသည့် စာရင်းဇယားများအရ သိရသည်။**

**သဘာဝဘေးအန္တရာယ်ဆိုင်ရာဖြစ်ပေါ်လာသည့်အကြောင်းအရင်းများ၊ ကာကွယ်တားဆီးမှုများနှင့် ရေဘေးအန္တရာယ်ကြုံတွေ့နိုင်သည့် ဒေသများရှိပြည်သူများ သိသင့်သိထိုက်သည်များကို မြန်မာ့ပတ်ဝန်းကျင် သိပ္ပံမှ နာယက တစ်ဦးလည်းဖြစ် (ပဓာန) အကြံပေးပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်သူ ပရော်ဖက်ဆာ မောင်မောင်အေး (အချိန်ပြည့်အဖွဲ့ဝင် အကြံပေးအဖွဲ့ မြန်မာနိုင်ငံ အမျိုးသားရေအရင်းအမြစ်ကော်မတီ)နှင့် တွေ့ဆုံမေးမြန်းခဲ့သမျှကို ရေးသားဖော်ပြလိုက်ပါသည်။**

**မေး ။ ။ မြန်မာနိုင်ငံမှာ လက်ရှိပြည်နယ်နဲ့ တိုင်းဒေသကြီး အချို့မှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေတဲ့ အခြေအနေကို သုံးသပ်ပေးပါဆရာ။**

ဖြေ ။ ။ စစ်တောင်းမြစ်ဝှမ်း၊ ဘီးလင်းမြစ်ဝှမ်းအပေါ်၊ သံလွင်မြစ်အလယ်နဲ့ အောက်ပိုင်း၊ ပဲခူးမြစ်ဝှမ်း အပေါ်တွေမှာ မိုးတွေဆက်တိုက် အားကောင်းမောင်းသန် ရွာချတဲ့အခါကျတော့ မြစ်ရေကြီးခြင်းဖြစ်တာပဲ။

ဧရာဝတီမြစ်ဝှမ်းကို အဓိကခြုံကြည့်မယ်ဆိုရင် မြောက်ဖျားပိုင်းက ရွာတဲ့မိုးက အဓိကဖြစ်ပါတယ်၊ မြစ်ကြီးတွေရဲ့ မြစ်ဖျားပိုင်းကစပြီး တဖြည်းဖြည်းနဲ့ ဆင်းလာတာ၊ ထူးခြားတာက အခုဧရာဝတီ တိုင်းဒေသကြီး ဘက်မှာ အသံမကြားရသေးဘူး၊ လာတော့ လာမယ်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ကျတော့ စက်တင်ဘာ၊ အောက်တိုဘာလတွေမှာ ယေဘုယျဖြစ်တတ်တယ်။

အခုအချိန်က စစ်တောင်းမြစ်ဝှမ်းမှာဖြစ်တယ်၊ စစ်တောင်းမြစ်ဝှမ်းကို စီးဝင်နေတဲ့ ချောင်းတွေမှာ ဖြစ်တယ်၊ မွန်ပြည်နယ် ဘီးလင်းချောင်းမှာ ဖြစ်တယ်၊ နောက်ပြီး သံလွင်မြစ်အောက်ပိုင်းမှာ စီးဝင်နေတဲ့ လက်တက်တွေရော အဲဒီဒေသမှာ မိုးဆက်တိုက်ရွာပြီးတော့ မြစ်(ချိုင့်ဝှမ်း)ထဲမှာ ရေထုထည်ပမာဏ အများကြီးဝင်နေတယ်၊ ပြီးတော့ ခေါင်ရေတက်တဲ့ ရေထရက်နဲ့လည်း တိုက်နေတဲ့အခါကျတော့ ပင်လယ်ရေက တောင့်ခံပြီး ပိုပြီးတော့ ကမ်းလုံးပြည့်အဆင့်လွန်ပြီး ရေကြီးရေလျှံမှုတွေ ဖြစ်တာတွေ့ရတယ်၊ ဘီးလင်းက မြစ်ဝှမ်း၊ ချောင်းဝှမ်း ဧရိယာသိပ်မကြီးဘူး၊ မိုးက ဆက်တိုက်ရွာတယ်၊ နောက်ပြီး ရေထရက်နဲ့တိုက်တယ်၊ အဲဒီအခါ ရေကြီးရေလျှံမှုဖြစ်တယ်၊ မြစ်ကမ်းပါးနားမှာနေတဲ့ လူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ထိခိုက်လာတယ်၊ စံချိန်တင်မိုးကြောင့် ရေနစ်မြုပ် တာဖြစ်တယ်၊ လယ်မြေတွေ ဧကထောင်ချီပြီး နစ်မြုပ် ပျက်စီးရတယ်၊ ကားလမ်းတွေ ရေကျော်တယ်၊ တံတား တွေ ရေတိုက်စားခံရတယ်၊ အဲဒီတော့ ရေကြီးနစ်မြုပ်မှု ကြောင့် မြန်မာနိုင်ငံမှာ ဆုံးရှုံးမှုတွေ အများကြီးဖြစ်တယ်၊ ရေကြီးမှုသတင်းတွေက ၅၄ နှစ်အတွင်းမှာ ပဲခူးမြစ်ဆို ၉၆၈ စင်တီမီတာအထိ တက်တယ်ဆိုတာ စံချိန်ကျိုး တာပဲ။

မြန်မာနိုင်ငံမှာ နှစ်စဉ်ကြည့်လိုက်ရင် တစ်နေရာ မဟုတ်တစ်နေရာမှာ ရေကြီးရေလျှံတာကို တွေ့ရတယ်၊ လွန်ခဲ့တဲ့ ၂၀၁၅ ခုနှစ်တုန်းကလည်း ဒီလိုပဲမြန်မာတစ်နိုင်ငံ လုံးမှာ ရေကြီးရေလျှံမှု၊ ရေလွှမ်းမှု ဘေးအန္တရာယ် ဘေးဒုက္ခတွေ ကြုံခဲ့ရတယ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုရှိတဲ့အထဲမှာ ၁၂ ခု ထိခိုက်မှုတွေရှိခဲ့တယ်၊ ၂၀၁၅ ခုနှစ်က ထိတဲ့ဧရိယာက ပိုပြီးကျယ်ပြန့်တယ်၊ တစ်နိုင်ငံလုံး နီးပါးဖြစ်သွားတယ်၊ အခုလောလောဆယ် ရရှိထားတဲ့ စာရင်းဇယားအရ ဇူလိုင်လမှာရွာတဲ့မိုးကြောင့် ထိခိုက် ခံစားရတဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ် ခုနစ်ခုလောက်ရှိ သွားပြီ။ အထူးသဖြင့် ပြည်နယ်တွေထဲက မွန်၊ ရခိုင်၊ ကရင်၊ တိုင်းဒေသကြီးထဲက ပဲခူး၊ ရန်ကုန်နဲ့ မန္တလေး တိုင်းဒေသကြီးတွေမှာပါ။

**မေး ။ ။ နှစ်စဉ် တစ်နေရာမဟုတ်တစ်နေရာ ဖြစ်ပေါ်နေတဲ့ ရေကြီးရေလျှံမှု ဖြစ်ပေါ်ရတဲ့ အကြောင်းအရင်းကို ရှင်းပြပေးပါဆရာ။**

ဖြေ ။ ။ နှစ်စဉ်ရေကြီးခဲ့တယ်ဆိုတဲ့ အချက်ရယ်၊ ဘာကြောင့်ရေကြီးရတာလဲဆိုတဲ့ အဓိကတရားခံ က မိုးရွာသွန်းခြင်းက အခြေခံအကြောင်းတစ်ရပ်ပဲ၊ မြန်မာ နိုင်ငံမှာ ဇွန်လပိုင်းကနေ အောက်တိုဘာလပိုင်းကိုကြည့်ရင် ရေကြီးမှုဖြစ်တဲ့ ကြိမ်နှုန်းက ဇွန်လမှာဆို ခြောက်ရာခိုင်နှုန်း၊ ဇူလိုင်လက ၂၃ ရာခိုင်နှုန်း၊ သြဂုတ်လဆို ၄၉ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံမှာ သြဂုတ်လက ရေကြီးရေလျှံမှု အများဆုံး ဖြစ်တတ်ပါတယ်၊ စက်တင်ဘာလဆို ၁၄ ရာခိုင်နှုန်း ပြန်ကျ သွားတယ်၊ မိုးဦးထက်စာရင်တော့ စက်တင်ဘာလမှာဖြစ်တဲ့ ရေလွှမ်းမိုးမှုကများတယ်၊ အောက်တိုဘာလဆို ရှစ်ရာခိုင် နှုန်းလောက်ရှိတယ်၊ မိုးနှောင်းကာလပါ၊ ဒါတွေက အကြမ်းဖျင်း ပြောပြတာပါ။

အဓိကကတော့ မိုးများလို့ ဖြစ်တာပါ၊ နိုင်ငံအနေနဲ့ ဆိုရင် မြန်မာနိုင်ငံဟာ အာရှတိုက်မှာရှိတယ်၊ ယေဘုယျ အားဖြင့်ပြောမယ်ဆိုရင် အပူပိုင်းမုတ်သုံရာသီဥတု၊ မြန်မာ နိုင်ငံ တစ်နိုင်ငံလုံးရဲ့ ပျမ်းမျှနှစ်စဉ် မိုးရေချိန်ရရှိမှုကို ကြည့်လိုက်ရင် ၉၃ လက်မ လောက်ရှိတယ်၊ ဥတုအလိုက်၊ ဒေသအလိုက်တော့ အနည်းအများ ကွဲပြားမှုရှိတယ်၊ မြန်မာနိုင်ငံမှာ နှစ်စဉ်ပျမ်းမျှ မြစ်တွေ၊ ချောင်းတွေက စီးဆင်းလာတဲ့ ရေအရင်းအမြစ်တွေက တစ်နှစ်တစ်နှစ် ကို ကုဗမီတာအနေနဲ့ ၁၀၈၂ လောက်ရှိမယ်၊ ဂါလန် အနေနဲ့ ကြည့်မယ်ဆို ဂါလန်သန်းပေါင်း ၃၅၀ လောက် ရှိတယ်၊ ရေသယံဇာတ အလွန်ကြွယ်ဝတယ်။

မြန်မာနိုင်ငံမှာက ဘေးအန္တရာယ်တွေထဲမှာ မီးကြောင့် ဆုံးရှုံးတာအများဆုံးပါ၊ ဒုတိယဆုံးရှုံးတာ ကတော့ ရေကြီးရေလျှံတာပဲ၊ ကျွန်တော်တို့နိုင်ငံမှာက မြစ်ရေခန့်မှန်းခြင်းနဲ့ မြစ်ရေကြီးခြင်းကို စပြီးဆောင်ရွက် တာ ၁၉၆၆ ခုနှစ် ဇွန် ၁ ရက်မှာ စတင်ပြီးဆောင်ရွက်ခဲ့တယ်၊ ဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် မိုးလေဝသနဲ့ ဇလဗေဒက ဆောင်ရွက်တာ နှစ် ၅၀ ကျော်ပဲရှိသေးတယ်၊ အဲဒီအချိန်က စပြီး စိုးရိမ်ရေမှတ်၊ မြစ်ရေကြီးခြင်းသတိပေးချက် ထုတ်ပြန် ကြေညာမှုတွေ မကြာခဏတွေ့ရတယ်၊ အခုလောလောဆယ် ကျွန်တော်တို့ဆီမှာဖြစ်နေတာက သဘာဝဘေးအန္တရာယ် အဆင့်ကို ကျော်သွားပါပြီ၊ သဘာဝဘေးဒုက္ခ ဖြစ်နေတာ၊ အသက်အိုးအိမ်စည်းစိမ်တွေကိုပါ ထိခိုက်လာနေတာ၊ နိုင်ငံတော်အဆင့်ကစပြီး ကူညီမှုတွေ၊ ကယ်ဆယ်ရေး လုပ်ငန်းတွေ ဆောင်ရွက်နေကြရတာ ဖြစ်တယ်၊ သဘာဝ ဘေးအန္တရာယ်ဆိုတာ လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ လုပ်ငန်း ဆောင်တာတွေကို အကြီးအကျယ် အဟန့်အတား ဖြစ်စေပါတယ်။

**မေး ။ ။ ရေကြီးရေလျှံမှုဖြစ်စဉ်တွေက အခြေအနေ အမျိုးမျိုးအလိုက် ကွဲပြားတယ်လို့ သိရပါတယ်၊ ရှင်းပြပေးပါရှင့်။**

ဖြေ ။ ။ ရေကြီးရေလျှံမှု၊ ရေလွှမ်းမိုးမှု ဘေးအန္တရာယ်နဲ့ ပတ်သက်ပြီးတော့ ရေကြီးခြင်း သုံးမျိုးလောက် တွေ့ရတယ်၊ ဒေသကျယ်ရေကြီးခြင်း ၊ လျှပ်တစ်ပြက် ရေကြီးခြင်းအပြင် မုန်တိုင်းနဲ့အတူပါလာတဲ့ လှိုင်းကြီးတွေ ကြောင့် ရေကြီးခြင်းတွေလည်း ရှိတယ်၊

**မေး ။ ။ ဒေသကျယ်ရေကြီးခြင်းဆိုတာ ဘယ်လိုနေရာ တွေမှာ ဖြစ်တာလဲဆရာ။**

ဖြေ ။ ။ ဒေသကျယ်ရေကြီးခြင်းဟာ မြစ်ကြီးတွေမှာ ဖြစ်လေ့ရှိတယ်၊ မြစ်ဝှမ်းဧရိယာအရွယ်အစား၊ အရွယ်ပမာဏကြီးတဲ့ မြစ်တွေမှာဖြစ်လေ့ရှိပါတယ်၊ ဧရာဝတီမြစ်တို့၊ ချင်းတွင်းတို့ စတဲ့မြစ်ကြီးတွေမှာ ဖြစ်လေ့ ရှိတယ်၊ အထူးသဖြင့်တော့ အဲဒီဒေသကျယ် ရေကြီးပြီ ဆိုရင် မြေနိမ့်လွင်ပြင်တွေ မြေပြန့်လွင်ပြင်တွေရေမြုပ်တယ်၊ ဒေသကျယ်ရေကြီးခြင်းက နှစ်စဉ်ဖြစ်လေ့တော့မရှိဘူး၊ ငါးနှစ်တစ်ကြိမ်၊ ၁၀ နှစ် တစ်ကြိမ်၊ ၁၅ နှစ်တစ်ကြိမ် စသည်ဖြင့်တော့ရှိတယ်၊ ရုတ်တရက်လည်း ရေကြီးတာမျိုး မဟုတ်ဘူး၊ ဒေသကျယ် ရေကြီးခြင်းကို မိုးလေဝသနဲ့ ဇလဗေဒက ကြိုတင်ခန့်မှန်းပြီးတော့ တွက်ချက်သိရှိ နိုင်တယ်၊ ရေမြုပ်တဲ့ဧရိယာက တော်တော်လေးကို ကျယ်တယ်၊ ရေမြုပ်ပြီဆိုရင်လည်းပဲ ပိုပြီးအချိန်ကြာ တတ်တယ်၊ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံမှာ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်နဲ့ ပဲခူးမြစ်ဝှမ်းတွေမှာ ဖြစ်တတ်တယ်၊

**မေး ။ ။ လျှပ်တစ်ပြက်ရေကြီးခြင်းကိုလည်း ရှင်းပြပေးပါ ဆရာ။**

ဖြေ ။ ။ လျှပ်တစ်ပြက်ရေကြီးခြင်းကတော့ သိပ်အလျား မရှည်တဲ့ မြစ်ငယ်၊ ချောင်းငယ်မျိုးမှာ ဖြစ်တတ် တယ်၊ အထူးသဖြင့် ကျွန်တော်တို့ အပူပိုင်းခြောက်သွေ့တဲ့ ဒေသတွေမှာ တွေ့ရတတ်တယ်၊ မိုးမရွာရင်လည်းအရှင်း မိုးရွာရင်လည်း ဒလဟောရွာတဲ့အခါ ရုတ်တရက်ဖြစ်တတ် တယ်၊ နှစ်စဉ်ဖြစ်တတ်တယ်၊ တစ်ခါတလေကျရင် တောင်ပေါ်က ရေတွေကျပြီး နာရီပိုင်းအတွင်း ရေလွှမ်း တာတွေရှိတယ်၊ ကြိုတင်သိရှိဖို့ မလွယ်တဲ့အတွက် ကြိုတင် ပြင်ဆင်ဖို့ဆိုတာ မလွယ်ဘူး၊ ရေမြုပ်တဲ့အချိန်လည်း သိပ်မကြာဘူး၊ ကာကွယ်ချိန်လည်း မရလိုက်ဘူး၊ ကာကွယ် ချိန်မရတော့ ဆုံးရှုံးမှုတွေများတယ်။

အခု ရေကြီးတဲ့ ဘီးလင်းချောင်းဆို သူ့ရဲ့ ရေဆင်းချိုင့်ဝှမ်းပေါ်မှာ မိုးရွာချပြီးတော့ ရေတွေ ဒလဟောဆင်းလာတဲ့အခါကျတော့ ဒီချောင်းတွေက တိုတောင်းတဲ့ချောင်းတွေဖြစ်တဲ့အတွက် ရေအားအရှိန်နဲ့ ဝင်လာပြီးတော့မှ ရေမျက်နှာပြင်ကို လျှပ်တစ်ပြက်



ပရော်ဖက်ဆာ မောင်မောင်အေး

ကမ်းလုံးပြည့်တဲ့အဆင့်ကို ခပ်မြန်မြန်ရောက်လာပြီးတော့ မြစ်ကမ်းတစ်ဖက်တစ်ချက်မှာ နေထိုင်ကြတဲ့ လူတွေ အသက်အိုးအိမ်စည်းစိမ်တွေကို ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာစေတယ်၊ အဲဒါမျိုးတွေကြောင့် တာတမံတွေ ကျိုးပေါက်နိုင်တဲ့ အနေအထားမျိုးကို တွေ့ရတတ်တယ်၊ တချို့တာတမံမျိုးတွေဆို အန္တရာယ်ဖြစ်လာနိုင်တဲ့အတွက် မလွှဲမသွေ ဖောက်ချရတဲ့ နေရာမျိုးတွေတောင်မှ ရှိကောင်းရှိလာနိုင်တယ်၊ တာတမံတွေ ကျိုးပေါက်တာတို့၊ တံတားတွေ မျောပါသွားတာတို့၊ လမ်းတွေ မြေသားအလိုက် ကျွံကျသွားတာ၊ မြေပြိုတာတွေဖြစ်တတ်တယ်၊ ဒါတွေက လျှပ်တစ်ပြက်ရေကြီးခြင်းကြောင့် အချိန်တိုအတွင်းမှာ ထုထည်ကြီးမားများပြားလှတဲ့ ရေပမာဏဆင်းချလာတာ၊ ကာကွယ်ချိန်မရလိုက်ဘူး၊ မြန်မာနိုင်ငံ အနှံ့အပြားမှာ လျှပ်တစ်ပြက်ရေကြီးခြင်းက ဖြစ်တတ်ပါတယ်၊ ကျွန်တော်တို့ နိုင်ငံမှာ မိုးကြိုကာလ ဧပြီလနဲ့မေလနဲ့ မိုးနှောင်းကာလပါ၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလတွေမှာဖြစ်တတ် တယ်၊ နောက်တစ်ခုက ဒီနှစ်မိုးခေါင်ပြီး နောက်နှစ်မိုးများ လာပြီဆိုရင် ရှေ့နှစ်က နူးမွနေတဲ့ မြေသားတွေဟာ မိုးဒလဟော ရွာချတဲ့အခါကျတော့ ပျော်ဆင်းသွားရော၊ မြေဆီလွှာဆုံးရှုံးမှုတွေဖြစ်ပြီး ပါသွားမယ်ဆို မြစ်တွေ၊ ချောင်းတွေထဲ သွားကျတယ်၊ အဲဒီတော့ မြစ်တွေ၊ ချောင်းတွေက တိမ်လာတယ်၊ မြစ်အောက်ကြမ်းပြင်တွေ တိမ်လာရင် သူတို့အပေါ်မှာရှိတဲ့ ရေမျက်နှာပြင်တွေ မြင့်တက်လာမယ်၊ ရေကြီးရေလျှံမှုက ဖြစ်ပေါ်နိုင်တယ်၊ ဒါ့ကြောင့် မိုးခေါင်တဲ့နှစ်ရယ်၊ နောက်တစ်နှစ် လျှပ်တစ်ပြက် ရေကြီးပြီဆိုရင်တော့ လျှပ်တစ်ပြက်ရေကို ခုခံစွမ်းအင် လျော့ပါးနေတဲ့အခါမှာလည်း ပိုပြီးပျက်စီးဆုံးရှုံး တတ်တဲ့ဟာတွေ ရှိတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# ပုဂံဒေသသို့ နေ့ချင်းပြန် ဘုရားဖူးသွားရောက်နိုင်ရန် မန္တလေး-ပုဂံ ရထားလမ်းပိုင်းတွင် ရထားနှစ်စင်း တိုးချဲ့ပြေးဆွဲ



**မန္တလေး သြဂုတ် ၂**

ပုဂံဒေသရှိ ရှေးဟောင်းဘုရားများကို နေ့ချင်းပြန် သွားရောက်ဖူးမြော်နိုင်ရန် မန္တလေးဘူတာကြီးမှ မန္တလေး-ပုဂံ ရထားလမ်းပိုင်းတွင် သြဂုတ် ၁ ရက်မှစ၍ အစုန်၊ အဆန် ရထားနှစ်စင်း ထပ်မံတိုးချဲ့ ပြေးဆွဲပေးလျက်ရှိကြောင်း ရုံးပိုင်ချုပ် ဦးမြင့်သိန်းက ပြောသည်။

အဆိုပါ ရထားလမ်းပိုင်းတွင် ယခင်က မန္တလေးဘူတာကြီးမှ ပုဂံသို့ နေ့စဉ် ည ၈ နာရီတွင် ထွက်ခွာသည့် ရထားတစ်စင်းသာ ပုံမှန်ပြေးဆွဲခဲ့ပြီး ယခုအခါ ထပ်မံတိုးချဲ့ပြေးဆွဲသည့် ရထားကို မန္တလေးနှင့် ပုဂံဘူတာအသီးသီးမှ ည ၉ နာရီတွင် တစ်ပြိုင်နက်တည်း အစုန်၊ အဆန် ထွက်ခွာပြေးဆွဲပေးနေပြီဖြစ်ကြောင်း သိရသည်။

"မန္တလေးမြို့ဝန်းကျင်မှာနေတဲ့ သူတွေနဲ့ နိုင်ငံခြားသားခရီးသွားတွေ ပုဂံကို ဘုရားဖူးသွားတဲ့အခါမှာ ကားနဲ့အဓိက သွားကြပြီး ပုဂံမှာ တစ်နေကုန်လည်ပြီးလို့ ရထားနဲ့ ပြန်ချင်တဲ့အခါမှာ နောက်တစ်နေ့မနက် ရထားကို စောင့်ရတယ်။ ဒါကြောင့် ကျွန်တော်တို့က အခုလို ပုဂံမှာတစ်နေကုန်လည်ပြီး ပုဂံက ည ၉ နာရီ ရထားနဲ့ ပြန်နိုင်အောင် စီစဉ် ပေးခြင်းဖြစ်ပါတယ်။ မန္တလေးကနေ ည ၈ နာရီ ထွက်တဲ့ရထားက ပုဂံကို မနက် ၄ နာရီ ၄၅ မိနစ်မှာရောက်ပြီး ည ၉ နာရီ ရထားက ပုဂံကို မနက် ၅ နာရီ ၅ မိနစ်မှာ ရောက်မှာပါ"ဟု ၎င်းက ပြောသည်။

ယခု တိုးချဲ့ပြေးဆွဲပေးသည့် ရထားများတွင် ရိုးရိုးတန်း သုံးတွဲ၊ အထက်တန်း နှစ်တွဲနှင့် အိပ်စင်များပါဝင်မည် ဖြစ်ပြီး စီးနင်းခများအနေဖြင့် ရိုးရိုးတန်း ငွေကျပ် ၁၄၅၀၊ အထက်တန်း ၂၉၀၀ နှင့် အိပ်စင်အတွက် တစ်ဦးလျှင် လေးထောင်ကျပ်တို့ဖြစ်ကာ လက်မှတ်များကို တစ်ရက်ကြိုတင်ရောင်းချပေးသည့်အပြင် ထွက်ခွာမည့်နေ့တွင်လည်း ရောင်းချပေးနေကြောင်း သိရသည်။

ထို့ပြင် အခြားတိုးချဲ့ပြေးဆွဲပေးနေမှုများအနေဖြင့် ယခင်က မန္တလေးမှ ရွှေဘိုအထိသာ ပြေးဆွဲပေးနေသည့် ခရီးတိုကားရထားများကို ဇူလိုင် ၂၁ ရက်မှစ၍ လမ်းဆုံဘူတာဖြစ်သည့် ခင်ဦးဘူတာအထိ တိုးချဲ့ပြေးဆွဲပေးနေပြီ ဖြစ်ကြောင်းနှင့် ရထားတွဲများ သန့်ရှင်းသပ်ရပ်စေရန်နှင့် သန့်စင်ခန်းများကောင်းမွန်စေရန် မြန်မာ့မီးရထားလုပ်ငန်းမှ သန့်ရှင်းရေးအဖွဲ့က ခရီးစဉ်တစ်ခေါက် ပြေးဆွဲပြီးတိုင်း သန့်ရှင်းရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ယင်လတ်အား လွှဲပြောင်းပေးရန် ထိုင်းအစိုးရက ဗြိတိန်နိုင်ငံအား မေတ္တာရပ်ခံ



**ဗန်ကောက် ဩဂုတ် ၂**

ထိုင်းအစိုးရက ရာထူးမှဖယ်ရှားခံခဲ့ရသော ယင်လတ်ရှင်နာဝါထရာအား ဗြိတိန်နိုင်ငံက လွှဲပြောင်းပေးအပ်ရန် လိုလားသည်ဟု မကြာသေးမီက အစိုးရအဖွဲ့ချင်းပေးပို့ခဲ့သော မေတ္တာရပ်ခံစာတွင် ဖော်ပြထားကြောင်း အေအက်ဖ်ပီသတင်းဌာနက ဩဂုတ် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်လတ်၏ ရွေးချယ်တင်မြှောက်ခံအစိုးရအဖွဲ့သည် ၂၀၁၄ ခုနှစ် စစ်ဘက်မှ အာဏာသိမ်းပွဲအတွင်း ဖြုတ်ချခံခဲ့ရသည်။ ယင်လတ်သည် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ထိုင်းနိုင်ငံကို စွန့်ခွာ၍ ပြည်ပသို့ထွက်ပြေးခဲ့သည်။ ယင်လတ်အစိုးရအဖွဲ့က ဆန်စပါးမူဝါဒနှင့်ပတ်သက်၍ မအောင်မမြင် ဆောင်ရွက်ခဲ့မှုဖြင့် ၎င်းအား စွဲချက်တင်ထားခဲ့သည်။

ဆန်စပါးဝယ်ယူရေးအစီအစဉ်တွင် အဂတိလိုက်စားမှုများဖြစ်ပေါ်ခြင်းကို ယင်လတ်က တားဆီးကာကွယ်ရန် ပျက်ကွက်ခဲ့ခြင်းအတွက် ထောင်ဒဏ်ငါးနှစ် ကျခံစေရန် လွန်ခဲ့သည့်နှစ် စက်တင်ဘာလတွင် တရားရုံးတော်က ၎င်း၏မျက်ကွယ်တွင် ပြစ်ဒဏ်စီရင်ချက်ချမှတ်ခဲ့သည်။

ယင်လတ်အား ပြစ်ဒဏ်စီရင်ချက် ချမှတ်ခြင်းသည် ၎င်း၏မိသားစုအား နိုင်ငံရေးလောကမှ ဖယ်ရှားနိုင်ရန် စစ်အစိုးရ၏ လုပ်ဆောင်ချက်အဖြစ် ၎င်းအား ထောက်ခံသူများက ပြင်းထန်စွာ ဝေဖန်ရှုတ်ချခဲ့ကြသည်။

**အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံတစ်ဝန်း အပူချိန် စံချိန်တင်ဆက်လက်မြင့်တက်

**ကျိုတို ဩဂုတ် ၂**

ဂျပန်နိုင်ငံတစ်ဝန်း အပူချိန်မြင့်တက်မှုအခြေအနေသည် ဩဂုတ်လအစပိုင်းအချိန်ထိ ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သောလက နိုင်ငံအတွင်း အပူချိန်မြင့်တက်မှုကြောင့် လူပေါင်းတစ်ရာကျော် သေဆုံးခဲ့ပြီး ဆေးရုံများတွင် လူအများအပြား ဆေးကုသမှုခံယူလျက်ရှိခဲ့သည်။

ယခုလတွင်လည်း အပူချိန်ကျဆင်းမှုမရှိဘဲ ဆက်လက်စံချိန်တင်မြင့်တက်လျက်ရှိသည်။ ဩဂုတ် ၂ ရက်တွင် ဂျပန်နိုင်ငံအလယ်ပိုင်း ဂီဖုစီရင်စု၌ နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လျက်ရှိကြောင်း တိုင်းတာတွေ့ရှိရသည်။

နိုင်ငံ၏ ဒေသအများအပြားတွင် အပူချိန်သတိပေးချက်များကို မိုးလေဝသအေဂျင်စီက ထုတ်ပြန်ထားကြောင်း သိရသည်။ နိုင်ငံအဝန်း အပူချိန်မြင့်တက်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကိုပါ ထိခိုက်လျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သော ရက်သတ္တပတ်က တိုကျိုမြို့မြောက်ပိုင်းတွင် နေ့အပူချိန် ၄၁ ဒသမ ၁ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်း တိုင်းတာသိရှိရသည်။ ဩဂုတ် ၂ ရက်တွင် တိုကျိုမြို့အလယ်ပိုင်း၌ မွန်းလွဲ ၂ နာရီခွဲ အချိန်တိုင်းထွာချက်အရ အပူချိန် ၃၇ ဒသမ ၃ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လျက်ရှိသည်။

ယခုရက်သတ္တပတ်အတွင်း ဂျပန်နိုင်ငံတစ်ဝန်းတွင် နေ့အပူချိန်ဆက်လက်မြင့်တက်လျက်ရှိနေမည်ဖြစ်ကြောင်း မိုးလေဝသအေဂျင်စီက ခန့်မှန်းပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# တရုတ်နိုင်ငံလုပ် မြို့ပတ်ရထား မြို့တော်ဟနွိုင်း၌ နောက်ဆုံးအကြိမ် စမ်းသပ်ခုတ်မောင်း

**ဟနွိုင်း ဩဂုတ် ၂**

ဗီယက်နမ်နိုင်ငံ၏ မြို့ပြဒေသ၌ ပထမဆုံးအကြိမ် လျှပ်စစ်စနစ်သုံးခရီးသည်တင် မြို့ပတ်ရထား ခုတ်မောင်းပြေးဆွဲနိုင်ရေးအတွက် နောက်ဆုံးအကြိမ် စမ်းသပ်ခုတ်မောင်းမှုကို ဩဂုတ် ၁ ရက်က ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါရထားကို တရုတ်ရထားလုပ်ငန်း အမှတ်-၆ လုပ်ငန်းအုပ်စု ကုမ္ပဏီက တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

**မြန်နှုန်းဖြင့်ခုတ်မောင်း**

ကက်လင်းဟာဒုန် မြို့ပတ်ရထားလိုင်းဟု အမည်ပေးထားသော မြို့ပတ်ရထားသည် လျှပ်စစ်ဓာတ်အားအပြည့်အဝအသုံးပြုသော စနစ်ဖြင့် တစ်နာရီလျှင် ၃၅ ကီလိုမီတာမှ ကီလိုမီတာ ၈၀ အထိ ဖြစ်သောအမြန်နှုန်းဖြင့် ခုတ်မောင်းနိုင်သည်။ မြို့တော်ဟနွိုင်း၌ နောက်ဆုံးအကျော့ စမ်းသပ်ခုတ်မောင်းမှုကို ပြုလုပ်ရာတွင် ဗီယက်နမ်နိုင်ငံနှင့် ယင်းနိုင်ငံအခြေစိုက် နိုင်ငံခြားသတင်းဌာနများမှ ကိုယ်စားလှယ်များနှင့် တရုတ်ကုမ္ပဏီမှ တာဝန်ရှိသူများအပါအဝင် လူပေါင်း ၁၀၀ ကျော် လိုက်ပါခဲ့ကြသည်။

**ခရီးသည်များ စိတ်လှုပ်ရှားမှုရှိ**

ရထားတွဲလေးတွဲပါ ယင်းရထားနှင့်အတူ လိုက်ပါသူများက စမ်းသပ်ခုတ်မောင်းမှုနှင့် ပတ်သက်၍ သုံးသပ်လေ့လာကြသည်။

အစိမ်းရောင်ဆေးခြယ်ထားသော ရထားတွဲများပေါ်တွင် လေအေးပေးစက်တပ်ဆင်ထားပြီး ရထားသံလမ်းပေါ်တွင် ချောချောမွေ့မွေ့ ခုတ်မောင်းနေစဉ် ခရီးသည်များမှာ တစ်စတစ်စစိတ်လှုပ်ရှားစွာ ရှိနေခဲ့ကြသည်ဆို၏။

ရထားတွဲများကိုကြည့်လျှင် လှုပ်ရှားသွားလာမှုအရ မသန်စွမ်းသူများအတွက် သီးသန့်ထားရှိသည့် နေရာများ ပါရှိသည်။ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် သတ်မှတ်ပေးထားသော ခုံနေရာများအဖြစ် သိရှိနိုင်ရန် ခုံများကို အဝါရောင်ခြယ်သထားသည်။ မတ်တတ်ရပ်၍ လိုက်ပါစီးနင်းသောခရီးသည်များ ဘေးအန္တရာယ်လုံခြုံမှုရှိစေရန် ရထားတွဲအတွင်း သံမဏိလက်တန်းများကို တပ်ဆင်ထားသည်။

ရထားခရီးစဉ်စတင်သည့်အခါ တွဲလေးတွဲပါ ရထားအစင်းပေါင်း ၁၃ စင်းကို အသုံးပြု၍ နှစ်မိနစ်လျှင် တစ်စင်းနှုန်းဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

**ဆင်ဟွာ**

# လက်နက်တပ်ဆင်ထားသည့် မောင်းသူမဲ့လေယာဉ်များ နိုင်ဂျာတွင် ဖြန့်ချထားကြောင်း အမေရိကန်အတည်ပြု

**ဒါခါ ဩဂုတ် ၂**

အာဖရိကတိုက် အနောက်ဘက်ပိုင်းရှိ နိုင်ဂျာနိုင်ငံတွင် အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) စစ်သွေးကြွများကို တိုက်ခိုက်ရန်အတွက် ယခုနှစ် အစောပိုင်းမှစ၍ လက်နက်ပါရှိသော မောင်းသူမဲ့လေယာဉ်များကို စတင်ဖြန့်ချထားကြောင်း အမေရိကန်တပ်ဖွဲ့က ဩဂုတ် ၂ ရက်တွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့များအနေဖြင့် နိုင်ဂျာနိုင်ငံတွင် မောင်းသူမဲ့လေယာဉ်များ ဖြန့်ကြက်ရန် ယမန်နှစ် နိုဝင်ဘာလအတွင်း နိုင်ဂျာအစိုးရက ခွင့်ပြုခဲ့သည်။ သို့သော် မောင်းသူမဲ့လေယာဉ်များ ဖြန့်ချထားသည်ဟု အမေရိကန်ဘက်ကရော နိုင်ဂျာဘက်ကပါ အတည်ပြုပြောဆိုခဲ့ခြင်းမရှိပေ။ နိုင်ဂျာနိုင်ငံတွင် အမေရိကန်က ဒရုန်းလေယာဉ်များကို ယခင်ကပင်လျှင် ကင်းထောက်လုပ်ငန်းတစ်ခုတည်းအတွက် အသုံးပြုခဲ့သည်။

နိုင်ဂျာနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ တာဝန်ချထားခြင်းကို မကြာသေးမီနှစ်များအတွင်းက သက်တမ်းတိုးချဲ့ခဲ့သည်။ လတ်တလောတွင် အမေရိကန်တပ်ဖွဲ့ဝင်အင်အား ၈၀၀ ခန့်က နိုင်ဂျာတပ်ဖွဲ့ဝင်များနှင့်အတူ ထောက်လှမ်းရေးသတင်းများ စုဆောင်းခြင်းနှင့် အခြားလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည်။ ယင်းမှာ အနောက်အာဖရိက ဆာဟဲဒေသတွင် အကြမ်းဖက်မှုများ တိုးမြင့်လာခြင်းအပေါ် အမေရိကန်၏ စိုးရိမ်မှုများ ရောင်ပြန်ဟပ်ခြင်းဖြစ်သည်။




လွန်ခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက ဒေသတွင်းရှိ အိုင်အက်စ်အဖွဲ့၏ လက်အောက်ခံစစ်သွေးကြွများက နိုင်ဂျာနိုင်ငံအနောက်ပိုင်း၌ ချုံခိုတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် အမေရိကန် စစ်သည်လေးဦး သေဆုံးခဲ့ရသည်။

နိုင်ဂျာနိုင်ငံ၏ အိမ်နီးချင်းမာလီနိုင်ငံတွင် အခြေစိုက်သည့် ဂျီဟတ်ဝါဒီအုပ်စုများက အိုင်ဗရီကို့စ်နိုင်ငံအထိ စစ်ဘက်နှင့် အရပ်ဘက်တို့ကို ပစ်မှတ်ထားတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

အမေရိကန်၏ အာဖရိကဒေသစစ်ဌာနချုပ်အနေဖြင့် နိုင်ဂျာအစိုးရနှင့် ပူးပေါင်း၍ လက်နက်တပ်ဆင်ထားသည့် မောင်းသူမဲ့လေယာဉ်များကို ကင်းထောက်လုပ်ငန်းများ ဆောင်ရွက်စေလျက်ရှိကြောင်း ယင်းစစ်ဌာနချုပ်၏ အင်တာနက်အီးမေးလ်တွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# ကစားသမားအပြောင်းအရွှေ့ဈေးကွက်မပိတ်မီ အာဆင်နယ်ကစားသမားခုနစ်ဦးအထိ ထွက်ခွာဖွယ်ရှိနေ

အာဆင်နယ်အသင်းသည် နည်းပြ အာစင်ဝင်းဂါး အသင်းမှ ထွက်ခွာသွားခဲ့ပြီးနောက် မျက်နှာသစ်နည်းပြ တစ်ဦးဖြစ်သည့် အမ်မရီကို စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အာဆင်နယ်အသင်းသည် နည်းပြသစ်လက်ထက်တွင် ပရီမီယာလိဂ်ဖလားရယူနိုင်ရေးနှင့် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရေးအတွက် အဓိကအရေးပါသည့် နေရာများအတွက် ကစားသမားများခေါ်ယူထားခဲ့ကြောင်းလည်း သိရသည်။


အာဆင်နယ်အသင်းအနေဖြင့် ယခုအပြောင်းအရွှေ့ ကာလအတွင်း ကစားသမားသစ်ငါးဦးအထိ ခေါ်ယူထားခဲ့ ပြီး လက်ရှိကစားနေသည့် အာဆင်နယ်အသင်းမှ ကစား သမားခုနစ်ဦးကလည်း အပြောင်းအရွှေ့ဈေးကွက်မပိတ်မီ အမ်းမရိတ်ကို စွန့်ခွာဖို့ ရှိနေကြောင်း သိရသည်။

အဆိုပါကစားသမားများမှာ ရမ်ဆေး၊ အက်ခ်ပွန်၊ လူးကက်ပီရက်ဇ်၊ ဒန်နီဝဲလ်ဘက်၊ ဂျက်ကင်ဆန်၊ ဂျိုးလ်ကမ်းဘဲလ်၊ ဒေးဗစ်အိုစပီနာတို့ ဖြစ်ကြောင်းလည်း သိရသည်။

နည်းပြအမ်မရီသည် ပြင်သစ်အသင်း ကမ္ဘာ့ဖလားရရှိ ခဲ့ပြီးနောက် ပြင်သစ်ကစားသမား အန်ဇွန်ဇီကို ခေါ်ယူရန် ပစ်မှတ်ထားနေသည်။ ယင်းသို့ အန်ဇွန်ဇီအား ခေါ်ယူရန် အာဆင်နယ်အသင်းက စီစဉ်နေသည့်အပြင် ကွင်းလယ် ပိုင်းတွင် အားထားရသည့် ရမ်ဆေးကိုလည်း ငါးနှစ် သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် စီစဉ်ခဲ့ သည်။ သို့ရာတွင် ကွင်းလယ်ကစားသမားရမ်ဆေးမှာ အာဆင်နယ်မှ ထွက်ခွာဖွယ်ရှိနေကြောင်းလည်း သိရသည်။

အသက် ၂၂ နှစ်အရွယ်ရှိ အက်ခ်ပွန်မှာ ဂရိကလပ် POAK အသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်မှုရှိနေ ပြီဖြစ်ပြီး အာဆင်နယ်အသင်းကလည်း အဆိုပါကစား သမားအား အသင်းမှထွက်ခွာခွင့်ပြုရန် ရှိနေကြောင်း သိရသည်။

အက်ခ်ပွန်မှာ ဘောလုံးရာသီအတော်များများတွင် အငှားချထားခြင်းခံခဲ့ရသူဖြစ်ပြီး အာဆင်နယ်အသင်း၏ ပထမအသင်းတွင် ၁၂ ပွဲသာလျှင် ပွဲထွက်ကစားခဲ့ဖူးသူ ဖြစ်ကြောင်း သိရသည်။




အက်ခ်ပွန်အား ဘယ်လ်ဂျီယံနှင့် ပြင်သစ်ကလပ် အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ကစားသမားကိုယ်တိုင်ကမူ ဂရိကလပ်သို့ ပြောင်းရွှေ့ကစား ရန် ဆန္ဒရှိခဲ့ကြောင်း သိရသည်။

လာဇီယိုအသင်းသည် စပိန်တိုက်စစ်မှူး လူးကပ် ပီရက်ဇ်အား ခေါ်ယူရန် စီစဉ်လျက်ရှိပြီး ပြောင်းရွှေ့ကြေး ပေါင်ခုနစ်သန်းဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်းလည်း သိရ သည်။ တိုက်စစ်မှူး လူးကပ်ပီရက်ဇ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းဟောင်း ဒီပိုတီဗိုအသင်းတွင် အငှားဖြင့် သွားရောက်ကစားခဲ့ရသူဖြစ်ပြီး ယင်းအသင်း နှင့်အတူ ရှစ်ဂိုးသွင်းယူပေးခဲ့ကာ ခြောက်ဂိုးဖန်တီးပေးနိုင် ခဲ့ကြောင်း သိရသည်။

အင်္ဂလန်တိုက်စစ်မှူး ဒန်နီဝဲလ်ဘက်သည် ၂၀၁၄ ခုနှစ်က မန်ယူအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်း ရွှေ့ခဲ့သူဖြစ်ပြီး မန်ယူအသင်းတွင် ကစားခဲ့စဉ်က ပွဲပေါင်း ၁၁၂ ပွဲအထိ ပါဝင်ကစားပေးခဲ့ဖူးသူဖြစ်သည်။

တိုက်စစ်မှူး ဝဲလ်ဘက်၏ အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းမှာ လာမည့်နွေရာသီကာလတွင် ကုန်ဆုံး မည်ဖြစ်ပြီး အဲဗာတန်အသင်းနှင့် နယူးကာဆယ်အသင်း တို့သို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ထား ကြောင်း သိရသည်။ နယူးကာဆယ်အသင်းက အငှား စာချုပ်ဖြင့် ကမ်းလှမ်းထားပြီး အဲဗာတန်အသင်းက ပေါင် ၁၅ သန်းဖြင့် ကမ်းလှမ်းထားကြောင်းသိရသည်။

ဂျန်ကင်ဆန်မှာ နည်းပြအာစင်ဝင်းဂါးလက်ထက်တွင် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးခဲ့သည့်အပြင် အခု နည်းပြသစ် အမ်မရီလက်ထက်တွင်လည်း ကစားသမားသစ် ငါးဦးအထိ ခေါ်ယူခဲ့ခြင်းကြောင့် ပုံမှန်ပွဲထွက်ခွင့်အတွက် စိုးရိမ်နေပြီး အသင်းမှထွက်ခွာရန် စီစဉ်လာခဲ့ခြင်းဖြစ် သည်။

ထို့ပြင် ဂျိုးလ်ကမ်းဘဲသည်လည်း အာဆင်နယ်အသင်းမှ ထွက်ခွာရန်ရှိနေကြောင်းနှင့် လက်ရှိစာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးကြောင်းလည်း သိရသည်။ ကိုလံဘီယာဂိုးသမား ဒေးဗစ်အိုစပီနာသည် ပီတာဆတ်ချ် ရှိနေခြင်းကြောင့် အာဆင်နယ်အသင်း၏ ပွဲထွက်ဂိုးသမား စာရင်းတွင် တတိယမြောက်ဦးစားပေးအနေဖြင့်သာ ရှိနေ ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းမှ ထွက်ခွာရန် စီစဉ် နေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



# တိုက်စစ်မှူး ဟီဂူအင် အေစီမီလန်နှင့်အတူ ကျန်းမာရေးဆေးစစ်မှုများ ဆောင်ရွက်နေ

ဂျူဗင်တပ်အသင်းမှ အာဂျင်တီးနား တိုက်စစ်မှူး ဟီဂူအင်သည် အီတလီစီးရီးအေ ပြိုင်ဘက် အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ ကစားရန် ကျန်းမာရေးဆေးစစ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူး ဟီဂူအင်သည် ရီးယဲလ်မက် ဒရစ်အသင်းနှင့် နာပိုလီအသင်းတို့တွင်လည်း ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး လက်ရှိတွင် အေစီ မီလန်အသင်းသို့ သုံးနှစ်သက်တမ်းရှိစာချုပ် တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့တော့မည်ဖြစ် ကြောင်းလည်း သိရသည်။

တိုက်စစ်မှူး ဟီဂူအင်အား ချုပ်ဆိုသည့် စာချုပ်အရ အေစီမီလန်အသင်းခေါင်းဆောင် ဘိုနူချီသည် ဂျူဗင်တပ်အသင်းသို့ လည်း ကောင်း၊ ဂျူဗင်တပ်အသင်းနောက်ခံလူ ကယ်လ်ဒါရာသည် အေစီမီလန်အသင်းသို့ လည်းကောင်း ဆန့်ကျင်ဘက်အသင်းများသို့ ပြောင်းရွှေ့ကြရမည်ဖြစ်ကြောင်းလည်း သိရ သည်။

တိုက်စစ်မှူး ဟီဂူအင်အား ပရီမီယာလိဂ် ကလပ်ချယ်လ်ဆီးအသင်းက ခေါ်ယူရန် ပစ်မှတ်ထားခဲ့သော်လည်း နောက်ဆုံးတွင် အေစီမီလန်အသင်းသို့သာ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်




## ဘောလုံးလောက သတင်းတိုများ

- စပါးအသင်းသည် ဘုန်းမောက်အသင်းမှ ကွင်းလယ်ကစားသမား လီဝစ်ကွတ်ခ်အား ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။
- **လေဗာကူဆင်အသင်းသည် စပါးအသင်းမှ အင်္ဂလန်လူငယ်ကွင်းလယ်ကစားသမား မားကက်စ်အက်ဒ်ဝက်အား စာချုပ်ချုပ်ဆို ခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။**
- ဝက်စ်ဟမ်းအသင်းသည် ဥရုဂွေးတိုက်စစ်မှူး မက်ဇီဂိုမက်စ်အား ပြောင်းရွှေ့ကြေးပေါင် ၂၇ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိ သော်လည်း ဆယ်လ်တာဗီဂိုအသင်းကမူ မက်ဇီဂိုမက်စ်၏ အပြောင်းအရွှေ့ကို ပေါင် ၃၅ သန်းအထိ သတ်မှတ်ထားကြောင်း သိရ သည်။
- **ဆားဘီးယားကြယ်ပွင့် မီလင်ကိုဗစ်သည် မန်ယူအသင်းနှင့် ချယ်လ်ဆီးအသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း ယခုနှစ် ဘောလုံးရာသီတွင် လာဇီယိုအသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။**

# မော်ရင်ဟို၏ နည်းစနစ်ကို မကြိုက်၍ မန်ယူသို့ ပြောင်းမည်မဟုတ်ဟု ကိုဗာဆစ် ပြောကြား

ရီးယဲလ်မက်ဒရစ်တောင်ပံကစားသမား ကိုဗာဆစ်သည် ပရီမီယာလိဂ်ကလပ် မန်ယူ အသင်းသို့ ပြောင်းရွှေ့မည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသော်လည်း လက်ရှိတွင် ကစားသမားကိုယ်တိုင်က မန်ယူအသင်း နည်းပြ မော်ရင်ဟို၏ နည်းစနစ်ပိုင်းကို မကြိုက်နှစ်သက်သဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ခရိုအေးရှားကြယ်ပွင့် ကိုဗာဆစ်သည် ရီးယဲလ်မက်ဒရစ်အသင်းတွင် ပုံမှန်ပွဲထွက် ကစားခွင့်ပျောက်ဆုံးမည်ဖြစ်သောကြောင့် ဘာနေဗျူးကို စွန့်ခွာရန် ချိတ်ဆက်မှုများ ပြုလုပ်နေခဲ့သူဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းက တောင်ပံ ကစားသမား ကိုဗာဆစ်အား ပြောင်းရွှေ့ကြေး ပေါင် ၅၄ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်လာခဲ့ ခြင်းဖြစ်သည်။ မန်ယူအသင်းသည် ဖရက်ဒ် ကိုလည်း ခေါ်ယူထားခဲ့ပြီဖြစ်သော်လည်း ကိုဗာဆစ်ကို ထပ်မံခေါ်ယူရန် ကမ်းလှမ်းလာ ခဲ့ခြင်းဖြစ်သည်။



# ကျောက်ဖြူလေဆိပ်အဆောက်အအုံအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် မှန်များထိခိုက်ပျက်စီး

**ကျောက်ဖြူ ဩဂုတ် ၂**
ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူလေဆိပ်၌ ဩဂုတ် ၁ ရက် ညနေ ၄ နာရီ ၃၅ မိနစ်တွင် လေပြင်းတိုက်ခတ်ခဲ့သဖြင့် လေဆိပ်အတွင်း ကာရံထားသော အလူမီနီယမ်ပေါင်နှင့်မှန်များ ပျက်စီးခဲ့ရာ ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများ ဩဂုတ် ၂ ရက် နံနက် ၉ နာရီတွင် သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုဖြစ်စဉ်အား ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် တာဝန်ရှိသူများ သွားရောက်ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ရာ လေဆိပ်အဆောက်အအုံအတွင်းရှိ ခရီးသည်ဝင်ပေါက်နှင့် အဲလိုင်းကောင်တာအား ကာရံထားသည့် အလျား ပေ ၉၀၊ အနံ ၁၂ ပေရှိ အလူမီနီယမ်ပေါင်ကွပ်ထားသည့်မှန်နှင့် အဲလိုင်းကောင်တာခရီးသည်ထွက်ပေါက်အား ကာရံထားသည့် အလျား ၂၈ ပေ၊ အနံ ရှစ်ပေရှိ အလူမီနီယမ်ပေါင် ကွပ်ထားသည့်မှန်များ ပျက်စီးခဲ့သည်။

အဆိုပါဖြစ်စဉ်သည် လေပြင်းတိုက်ခတ်စဉ် လေယာဉ်ကွင်းဘက်အခြမ်းရှိ ဆိုက်ရောက်ခရီးသည်ဝင်ပေါက်မှ လေတိုး၍ လဲကျပျက်စီးခြင်းဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၁၀ သိန်းခန့်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**



# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တားဆီးမှုလေးမှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ကိုးသန်းကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂**
မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ဩဂုတ် ၁ ရက်က ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၆၄ စီး၊ သွင်းကုန် ၈၆၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၄ စီး၊ သွင်းကုန် ၄၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးဆောင်ရွက်ရာ ဩဂုတ် ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၃၅၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၇၆၀ သန်းခန့်)စုစုပေါင်းတားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၁၁၀ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က Toyota Alphard ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းမျိုးစုံ ၂၄ မျိုးနှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၃၅၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မော်လမြိုင်ကျွန်းမြို့နယ်၌ လေပြင်းတိုက်ခတ် ကျေးရွာဓမ္မာရုံသွပ်မိုးများ လွင့်ပါ

**မော်လမြိုင် ဩဂုတ် ၂**
ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မှန်ကူရေကျော်ကျေးရွာတွင် ယနေ့ ညနေ ၆ နာရီ ၁၅ မိနစ်က မိုးသက်လေပြင်းများကျရောက်၍ မှန်ကူရေကျော်ကျေးရွာ ဝဋ်ကြွေးပြေ ၂၇ ထောင့် စေတီတော်ဝင်းအတွင်းရှိ ဓမ္မာပါလဓမ္မာရုံကြီးမှ သွပ်မိုးနှင့် သစ်သားတန်းများ လွင့်ပါခဲ့သည်။

ယင်းတိုက်ခတ်မှုကြောင့် လွန်ခဲ့သော ၁၀ နှစ်ခန့်က ဆောက်လုပ်ခဲ့သော ဓမ္မာပါလဓမ္မာရုံ တစ်ထပ်အဆောက်အအုံ၏ သွပ်ချပ်ရေ ၅၀ ကျော်နှင့် သစ်သားတန်းအချို့လွင့်ပါခဲ့ပြီး ယောဂီဓမ္မာရုံရှိ သွပ်ပြားအချို့ ပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းမှာ မှန်ကူရေကျော်ကျေးရွာ ဓမ္မာပါလ ဓမ္မာရုံတစ်နေရာတည်းတွင်သာ တိုက်ခတ်သွားခြင်းဖြစ်သည်။ ဇူလိုင် ၂ ရက် ညနေ ၆ နာရီခန့်ကလည်း မော်လမြိုင်ကျွန်းမြို့ပေါ်တွင် မိုးသက်လေပြင်းတိုက်ခတ်ခဲ့ပြီး လူနှင့်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**မော်ကျွန်း မြင့်အောင်**

# ထီးချိုင့်မြို့နယ်တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၄၀ သိမ်းဆည်းရမိ



**ထီးချိုင့် ဩဂုတ် ၂**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့ ဧရာဝတီမြစ်ကူးတံတားအနီးမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ထီးချိုင့်မြို့ရှိ ဧရာဝတီမြစ်ကူးတံတားအနီးတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် မြတောင်ကျေးရွာမှ ဆီပုံးနှစ်ပုံး တင်ဆောင်လာပြီး ဝင်းကျော်မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဆီပုံးနှစ်ပုံးအတွင်းမှ ဘိန်းဖြူ ၁၀၄၀ ဒသမ ၄ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၄၀ တို့အား ရှာဖွေတွေ့ရှိသည်။

မူးယစ်ဆေးဝါးသယ်ဆောင်လာသူ ဝင်းကျော် ပင်လည်ဘူးမြို့နယ် ကျည်ပွေ့တလင်းကျေးရွာနေသူအား ထီးချိုင့်မြို့မရဲစခန်းက ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မြင်းခြံမြို့၌ မူးယစ်ဆေးဝါး ငွေကျပ်သိန်း ၆၀ ကျော်ဖိုးခန့် သိမ်းဆည်းရမိ

**မြင်းခြံ ဩဂုတ် ၂**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ဇူလိုင် ၃၁ ရက် ည ၁၁ နာရီခွဲခန့်တွင် သတင်းအရ ရှာဖွေရာမှ မူးယစ်ဆေးဝါး ငွေကျပ် သိန်း ၆၀ ကျော်ဖိုး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းခြံမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် မူးယစ်ဆေးဝါးသတင်းအရ မြင်းခြံမြို့ အမှတ် ၁၃ ရပ်ကွက် အောင်သုခလမ်းကြား၌ စောင့်ဆိုင်းနေစဉ် မြင်းခြံမြို့ အမှတ် ၁ ရပ်ကွက် မကျီးပင်စုနေ ဖြိုးလင်းအောင်(ခ)ဖိုးလုံးမောင်းနှင်ပြီး နောက်တွင် တစ်ရပ်ကွက်တည်းနေ မသန္တာအောင်လိုက်ပါလာသော ဆိုင်ကယ်အား ရှာဖွေရာ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၃၃၀၀၀ ရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

မူးယစ်ဆေးဝါးများ သယ်ဆောင်လာသော ဖြိုးလင်းအောင်နှင့် မသန္တာအောင်တို့အား မြင်းခြံမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ပန်းလှိုင်သား**

■

# မိုးညှင်းမြို့နယ်တွင် ငါးမျှားတံကြိုးနှင့် လျှပ်စစ်မီးကြိုးထိမိရာမှ ဓာတ်လိုက်သေဆုံး

**မိုးညှင်း ဩဂုတ် ၂**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ထန်းတပင်ကျေးရွာမြောက်ဘက် နန့်ရင်းချောင်းတွင် ငါးမျှားသူတစ်ဦး ငါးမျှားကြိုးနှင့် လျှပ်စစ်မီးကြိုးထိမိရာမှ ဓာတ်လိုက်သေဆုံးခဲ့သည်။

ဩဂုတ် ၁ ရက် ညနေ ၃ နာရီခွဲတွင် မိုးညှင်းမြို့မရဲစခန်းမှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ပျော်ဘွယ်ကျေးရွာနေ ဦးဝင်းညွန့်ဖြစ်ပြီး ၎င်းနှင့်အတူ ငါးမျှားသွားသူ ခင်မောင်စန်း၏ ပြောပြချက်အရ သေဆုံးသူ ဦးဝင်းညွန့်နှင့် ခင်မောင်စန်းတို့သည် ထန်းတပင်ကျေးရွာမြောက်ဘက် နန့်ရင်းချောင်းတွင် နေရာခွဲပြီးငါးမျှားကြစဉ် လဲကျသံကြားသဖြင့် လှမ်းကြည့်ရာ ဦးဝင်းညွန့်၏ငါးမျှားကြိုးနှင့် အထက်ရှိလျှပ်စစ်ကြိုးတို့ ငြိရာမှ ဓာတ်လိုက်ခြင်းဖြစ်ပြီး ဦးဝင်းညွန့်အား ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။

**နီတိုး(မိုးညှင်း)**

## မြန်မာ့ရုပ်မြင်သံကြား

**၃-၈-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၃၅ | “မီးတစ်ပွင့်၏ ရာဇဝင် (အပိုင်း-၄) |
| ၉း၁၀ | 1 On 1 Foofball skills Challenge Cup ပြိုင်ပွဲအစီအစဉ် |
| ၁၀း၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၁း၀၀ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၁း၃၀ | အလုပ်သမားရေးရာ အစီအစဉ် |
| ၁၂း၃၀ | မြန်မာဇာတ်လမ်းတွဲ “ဇနီးချောများကွက်ရက်” (အပိုင်း-၂၀) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၁၃း၂၀ | မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၄)(ဒါရိုက်တာ-ကြည်စိုးထွန်း၊ မေဝင်းမောင်) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ”(အပိုင်း-၇၆) |


**ညပိုင်း**

| | |
|---|---|
| ၁၆း၂၀ | "1 ON 1 Football skills Challenge Cup" ပြိုင်ပွဲအစီအစဉ် |
| ၁၇း၁၀ | Catch Asia News (Season-II) (Epi-1) |
| ၁၇း၂၀ | Weekly Sport Info |
| ၁၇း၄၅ | **“Alpine Cup 2018 လေးနိုင်ငံ ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီစဉ်”** (BAHRAIN U-23 Vs MYANMAR U-23) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | “ကမ်းရိုးတန်းသယံဇာတ” (Video Clip) **“လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး၏ ရှေ့ခရီး”** -Britain's Got Talent(8) **-“မှိုခိုရာ” (ဘာဝနာ)** **-အစီအစဉ်ပြီး၏ ။** |

# မုံရွာတက္ကသိုလ်မှ ဆိုင်ကယ်များအား ခိုးယူသူနှစ်ဦး ဖမ်းမိ

**မုံရွာ ဩဂုတ် ၂**
မုံရွာတက္ကသိုလ်မှ ပျောက်ဆုံးဆိုင်ကယ်များအနက် ဆိုင်ကယ်လေးစီးကို နယ်လှည့်ခိုးယူသူနှစ်ဦးထံမှ ပြန်လည်သိမ်းဆည်းရမိကြောင်း မုံရွာနယ်မြေရဲစခန်းမှူး ရဲအုပ်ဆန်းလင်းက ပြောသည်။

“ရန်ကုန်မြို့ လှိုင်သာယာ မီးခွက်ဈေး အမှတ် ၇ လမ်းမှာနေတဲ့ ကိုသက်မော်နဲ့ လပွတ္တာမြို့နယ် ဖိုးပြည့်ကျေးရွာအုပ်စု ကြိမ်နီကျေးရွာမှာနေတဲ့ ကိုဇော်ထူးတို့က FZ ဆိုင်ကယ်တစ်စီးနဲ့ ဆိုင်ကလုန်းဆိုင်ကယ်တစ်စီးတို့ကို မန္တလေး-ရွှေဘို ကားလမ်းအနီး သုသာန်ထဲမှာ ဆိုင်ကယ်သော့တွေဖျက်နေတာကို ဒုတိယရဲအုပ် ဇော်မိုးအောင်နဲ့အဖွဲ့က စစ်ဆေးမေးမြန်းခဲ့ရာမှာ မုံရွာတက္ကသိုလ်နယ်မြေထဲက ခိုးယူစီးနင်းလာတဲ့ ဆိုင်ကယ်တွေ ဖြစ်တယ်ဆိုတာကို စစ်ဆေးပေါ်ပေါက်ခဲ့ပါတယ်။ ဒါ့အပြင် အဲဒီ နယ်လှည့်ဆိုင်ကယ်ခိုးသူနှစ်ယောက်ဟာ အရင်ကခိုးယူခဲ့တဲ့ ဆိုင်ကယ်တွေကို အဝေးပြေးခရီးသည်တင်ယာဉ်တွေနဲ့ ရန်ကုန်ကိုသယ်ပြီး ရောင်းချခဲ့တယ်လို့ စစ်ဆေးပေါ်ပေါက်တဲ့အတွက် အမှုစစ်နဲ့အဖွဲ့က ခိုးရာပါဆိုင်ကယ်တွေကို ရန်ကုန်မြို့မှာ သွားရောက်သိမ်းဆည်းခဲ့တာပါ” ဟု ရဲအုပ်ဆန်းလင်းက ဆက်လက်ပြောသည်။




နယ်လှည့်ဆိုင်ကယ်ခိုးသူနှစ်ဦးကို မုံရွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အခွန်အယူခံခုံအဖွဲ့ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) ကြားနာမည့်ကိစ္စကို ခုံအဖွဲ့ခေါင်းဆောင်ကဖြစ်စေ၊ ခုံအဖွဲ့ခေါင်းဆောင်မှ တာဝန်ပေးအပ်သည့် အဖွဲ့ဝင်တစ်ဦးကဖြစ်စေ အကျဉ်းချုပ် ဖတ်ကြားရမည်။

(ဂ) ခုံအဖွဲ့သည် အမှုနှင့်စပ်လျဉ်း၍ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲချက်ကို အများပြည်သူရှေ့မှောက်၌ ကြားနာ၍သော် လည်းကောင်း၊ စာဖြင့်တင်ပြစေ၍သော် လည်းကောင်း လက်ခံနိုင်သည်။

(ဃ) အမှုနှင့်စပ်လျဉ်း၍ ခုံအဖွဲ့၏ နေ့စဉ်ဆောင်ရွက်ချက်များကို ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူးချုပ်က မှတ်တမ်းတင်ပြီး ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးက လက်မှတ်ရေးထိုးထားရှိရမည်။

(င) တရားမကျင့်ထုံးဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များကို ရည်ညွှန်းသုံးစွဲနိုင်သည်။

(စ) ဘာသာစကားနှင့်စပ်လျဉ်း၍ အခက်အခဲရှိပါက ခုံအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက စကားပြန်ခေါ်ယူနိုင်သည်။ စကားပြန်သည် ခုံအဖွဲ့ရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(ဆ) ခုံအဖွဲ့က လိုအပ်သည်ဟုယူဆပါက သက်သေခံချက် သို့မဟုတ် စာတမ်းအမှတ်အသား သက်သေခံချက်များကို ထပ်မံတောင်းယူနိုင်သည်။

(ဇ) ခုံအဖွဲ့က လိုအပ်သည်ဟုယူဆသူ မည်သူ့ကိုမဆို သက်သေအဖြစ် စစ်မေးရန် ဆင့်ဆိုနိုင်သည်။

(ဈ) တည်ဆဲဥပဒေအရ တားမြစ်ထားသည်မှအပ အများပြည်သူ ရှေ့မှောက်တွင် ကြားနာရမည်။

(ည) ကြားနာချက်အားလုံးကို ဗီဒီယိုဖြင့် မှတ်တမ်းတင်ထားရှိရမည်။

၂၃။ သက်ဆိုင်ရာခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အမှုကြားနာစစ်ဆေးသော ဥက္ကဋ္ဌ သို့မဟုတ် ခုံအဖွဲ့ ခေါင်းဆောင်အပါအဝင် အဖွဲ့ဝင်များ၏ ဆန္ဒမဲအများစုဖြင့် ဆုံးဖြတ်ရမည်။

၂၄။ ဆုံးဖြတ်ချက်ချမှတ်မည့်နေ့ကို အနည်းဆုံး ခုနစ်ရက် ကြိုတင်ကြေညာရမည်။

၂၅။ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အတည်ပြုလက်မှတ်ရေးထိုးထားသော အပြီးသတ်ဆုံးဖြတ်ချက်ကို အများပြည်သူရှေ့မှောက်တွင် ထုတ်ပြန်ကြေညာရမည်။

၂၆။ လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက အမှုရုံးချိန်းရက်ရွှေ့ဆိုင်းပေးရန် ခုံအဖွဲ့ထံ တင်ပြလာလျှင် ခုံအဖွဲ့မှလုံလောက်သော အကြောင်းရှိသည်ဟု မှတ်ယူပါက ရွှေ့ဆိုင်းခွင့်ပြုနိုင်သည်။

၂၇။ အမှုတင်သွင်းသူက မိမိဆန္ဒအလျောက် အမှုရုပ်သိမ်းလိုကြောင်း ခုံအဖွဲ့ထံ တင်ပြလာလျှင် အကြောင်းအချက် ခိုင်လုံမှုရှိပါက ရုပ်သိမ်းခွင့်ပြုနိုင်သည်။

၂၈။ ရုပ်သိမ်းခွင့်ပြုပြီးသောအမှုအား ပြန်လည်ဖွင့်လှစ်ပေးရန် ထပ်မံလျှောက်ထားခွင့်မရှိစေရ။

၂၉။ ခုံအဖွဲ့ကချမှတ်ခဲ့သည့် စီရင်ချက်အမိန့်ကို လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူမှ မိတ္တူကူးယူရန်လျှောက်ထားလာပါက ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအရပြုလုပ်သော နည်းဥပဒေများပါ အမှုတွဲ မိတ္တူကူးယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၃၀။ ဥက္ကဋ္ဌသည် အခွန်နှစ်တစ်နှစ် ပြီးဆုံးသည့်အခါတိုင်း လုပ်ဆောင်ခဲ့သည့် ကြားနာမှုများနှင့်ပတ်သက်၍ ရက်ပေါင်း ၉၀ အတွင်း အစိုးရအဖွဲ့သို့ တင်ပြရမည်။ ထို့အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

## အခန်း(၇)
## အထွေထွေ

၃၁။ ခုံအဖွဲ့၏ ရုံးစိုက်ရာဒေသသည် နေပြည်တော်ဖြစ်သည်။ လိုအပ်ပါက အခြားသင့်လျော်သည့်နေရာများတွင်လည်း ရုံးထိုင်စစ်ဆေးနိုင်သည်။

၃၂။ ခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့၏ အသုံးစရိတ်များအတွက် အစိုးရအဖွဲ့က ဘဏ္ဍာငွေခွဲဝေလျာထားပေးရမည်။

၃၃။ ခုံအဖွဲ့သည် မိမိ၏ ရုံးလုပ်ငန်းဆိုင်ရာတာဝန်များကို ဆောင်ရွက်နိုင်ရန် အလို့ငှာ အစိုးရအဖွဲ့ကခွင့်ပြုသော ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ခုံအဖွဲ့ရုံးကို ဖွဲ့စည်း၍ လိုအပ်သော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

၃၄။ ခုံအဖွဲ့၏ ရုံးကိစ္စများကို ခုံအဖွဲ့ရုံးက တာဝန်ယူဆောင်ရွက်ပေးရမည်။

၃၅။ ညွှန်ကြားရေးမှူးချုပ်နှင့် ခုံအဖွဲ့ရုံးတို့သည် ခုံအဖွဲ့ကို တာဝန်ခံရမည်။

၃၆။ ဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့် ဖြစ်သည်ဟု မှတ်ယူရမည်။

၃၇။ အမှုနှင့်စပ်လျဉ်း၍ သက်သေပြရန်တာဝန်သည် သက်ဆိုင်ရာအခွန်ဥပဒေများတွင် ပြဋ္ဌာန်းထားပါက ယင်းပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ပြဋ္ဌာန်းထားခြင်းမရှိပါက သက်သေခံအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း အချက်အလက်ကိုထင်ရှားစေလိုသည့် ပုဂ္ဂိုလ် သို့မဟုတ် ဌာနအဖွဲ့အစည်းတို့အပေါ် ကျရောက်သည်။

၃၈။ ခုံအဖွဲ့သည် ဤဥပဒေမပြဋ္ဌာန်းမီက အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်၊ ၅၄/၂၀၁၇ အရ ဖွဲ့စည်းထားသည့် အခွန်အယူခံခုံအဖွဲ့၏ ဆောင်ရွက်ဆဲလုပ်ငန်းများကို လည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကို လည်းကောင်း ဆက်ခံဆောင်ရွက်ရမည်။

၃၉။ ခုံအဖွဲ့သည် ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သည့် အခွန်အယူခံခုံအဖွဲ့ရုံးပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီးဆက်ခံရမည်။

၄၀။ ခုံအဖွဲ့သည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရန်နှင့် လိုအပ်သော ပြင်ဆင်ညှိနှိုင်းမှုများပြုလုပ်နိုင်ရန် နိုင်ငံတော်သမ္မတက အသွင်ကူးပြောင်းရေးကာလတစ်ရပ်ကို ဤဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှ အများဆုံးနှစ်နှစ်အထိ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။ ယင်းကာလ၌ အခွန်အယူခံခုံအဖွဲ့ရုံးသည် မိမိ၏ မူလလုပ်ငန်းတာဝန်များနှင့်လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်နိုင်သည်။

၄၁။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အခွန်ဆိုင်ရာအယူခံသည့် ကိစ္စရပ်များကို ဤဥပဒေဖြင့်သာ ဆောင်ရွက်ရမည်။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့် ခုံအဖွဲ့တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသည့် တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁။ | အိမ်ပြေး | နေထက်ထွန်း(ကန့်ဘလူ) | ၂၀၀၀ | ယဉ်မျိုး |
| ၂။ | ဥပဒေပညာအခြေခံနှင့် ဥပဒေပညာရပ်များမိတ်ဆက် | ဒေါက်တာဒေါ်ခင်ညို | ၄၀၀၀ | Wisdom House |
| ၃။ | မမေ့နိုင်သောနေ့ရက်များ | ထက်မြက် | ၇၀၀၀ | စိတ်ကူးချိုချို |
| ၄။ | မြေယာနှင့်သက်ဆိုင်သော ဥပဒေဆောင်းပါးများစုစည်းမှု | The Farmer | ၃၅၀၀ | The Farmer |
| ၅။ | ကိုယ့်ဘဝကိုယ်သာယုံကြည်အားထားရာ | အလင်းပွင့် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၆။ | အောင်တေဇသဘော်နစ်မြုပ်စဉ်က | ဦးဘဝင်း | ၁၀၀၀ | ရွက်စိမ်းစာပေ |
| ၇။ | မုန့်လုံးကိုစက္ကူကပ် ကျောက်ကပ်ဆေးတဲ့ ကိုဂျာအေး မှောင်မိုက်မှာငို . . . | ဒေါက်တာမြန်မာစာ | ၂၀၀၀ | မျိုးဆက်သစ် |
| ၈။ | ABSDF သေဘောဘိုးစခန်းမှ ကျောင်းသားစစ်သည်များ ၈၈၈၈ နှစ် ၃၀ ပြည့်အထိမ်းအမှတ် | အက်(စ်)အောင်လွင် (ဝိဇ္ဇာ/သိပ္ပံ) | ၅၄၀၀ | စိတ်ကူးသစ် |
| ၉။ | အသာစံခြင်းနှင့် အနာခံခြင်း (ဒုတိယတွဲ) | မေတ္တာရှင်ရွှေပြည်သာ | ၆၀၀၀ | ရွှေပြည်သာ |
| ၁၀။ | HR နယ်ပယ်၌ စိတ်ပညာသုံးမျိုးကို ပြိုင်တူအသုံးချပုံနှင့် အခြားဗျူဟာများ | ဒေါက်တာထွန်းဝင်း | ၂၅၀၀ | Wisdom House |
| ၁၁။ | အမေ့ခံသူရဲကောင်း | မေတ္တာရှင်ရွှေပြည်သာ | ၁၀၀၀ | ရွှေပြည်သာ |
| ၁၂။ | မျှတမှုတရားရ | ဓမ္မဒူတ အရှင်ပညာဇောတ | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၁၃။ | သင်းကွဲငှက်ရဲ့ အိမ်မက်ခြေရာ | မင်းမဟာ(သထုံ) | ၂၀၀၀ | ယဉ်မျိုး |
| ၁၄။ | လျှော့တွက်ကြရင် မှားသွားမယ်နှင့် အခြားနိုင်ငံရေးဆောင်းပါးများ | ကြည်ဇော်ဝင်း | ၁၅၀၀ | Global Piece Group |
| ၁၅။ | အမောပြေဟာသများ | မောင်ဒိုးခ | ၉၀၀ | စိတ်ကူးချိုချို |
| ၁၆။ | ဝင်းတင်(သို့မဟုတ်) ဦးမည္တတ်တတ်သော အတိုက်အခံ | သွေး(စစ်ကိုင်း) | ၂၅၀၀ | ငါတို့စာပေ |
| ၁၇။ | ငြိမ်းချမ်းခဲ့သော နေ့ရက်များသို့ | ကလောင်စုံ | ၃၀၀၀ | ငါတို့စာပေ |
| ၁၈။ | စိတ်စွဲလမ်းမှုကြောင့်မြည်သော ဟွန်းသံကဗျာများ | ဝင်းမြင့် | ၂၂၀၀ | စိတ်ကူးချိုချို |
| ၁၉။ | ဂန္ထဝင်လေးအုပ်နှင့် ဤသုံးဦး | ကလောင်စုံ | ၄၀၀၀ | စိတ်ကူးချိုချို |
| ၂၀။ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု | နေစိုးလှိုင် | ၅၀၀၀ | မူဝံ |
| ၂၁။ | ပညာရှင်များခေတ် | ကျော်ဝင်း | ၆၅၀၀ | လွင်ဦး |
| ၂၂။ | နှစ်ကြီးသမား | နတ်နွယ် | ၂၂၀၀ | စိတ်ကူးချိုချို |
| ၂၃။ | ဘော့ဘ်ချစ်တဲ့ကမ္ဘာ | သင်းလူ | ၂၈၀၀ | ကံ့ကော်ဝတ်ရည် |
| ၂၄။ | ဤမဟာဘဒ္ဒကမ္ဘာ၌ အချစ်မရှိသောကိုယ် ငါဖြစ်လိုသည် | မောင်သိန်းဆိုင် | ၅၀၀၀ | စိတ်ကူးချိုချို |
| ၂၅။ | ခရီးသွားအမေရိကန်စကားပြေ ၁ | အေးကျော်မင်း | ၂၅၀၀ | Wisdom House |
| ၂၆။ | ခေတ်သစ်အလင်္ကာ ဝတ္ထုတိုပေါင်းချုပ် | ကလောင်စုံ | ၂၅၀၀ | ဖြူစင် |
| ၂၇။ | လူသေရဲ့အော်သံ | မြင့်မိုးအောင် | ၁၀၀၀၀ | The Key Collection |
| ၂၈။ | သူတို့ဘာကြောင့် အောင်မြင်ရသလဲ | တင်ညွှန့် | ၃၀၀၀ | မောကွဲစာပေ |
| ၂၉။ | အောင်မြင်မှုကို တူးဆွခြင်း | ဟန်စိုး | ၂၅၀၀ | ပဥ္စဂံ |
| ၃၀။ | ရာဇဝင်ကျော် မြန်မာစစ်သည်တော် | ဦးသော်ဇင် | ၂၅၀၀ | စိတ်ကူးချိုချို |
| ၃၁။ | ဖြစ်ပျက်မြင်တာ မှန်စေလို | မောင်ကံထူး | ၁၂၀၀ | စာပေလောက |
| ၃၂။ | ကမ်းလက်များ ရသဝတ္ထုတိုစုစည်းမှု အမှတ်-၁၀ | ကလောင်စုံ | ၂၅၀၀ | ကမ်းလက်များ |
| ၃၃။ | မြန်မာ့သားကောင်း | ဒေါ်ရီကြိန် | ၁၃၀၀ | စိတ်ကူးချိုချို |
| ၃၄။ | ပန်းရိုင်းပွင့်ဖတ် ညဝတ်ဆံလွှာပန်သာပန်ခဲ့ စာစု ကဗျာစု | ရဲနိုင် | ၂၀၀၀ | မျိုးဆက်သစ် |

(ဆက်လက်ဖော်ပြပါမည်)

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူမောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သောဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲနှင့်ဥပဒေ

မောင်စာဂ

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပတော့မည်။ လွှတ်တော်ကိုယ်စားလှယ် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ် ၁၃ ခုတွင် ရွေးကောက်ပွဲ ကျင်းပမည်။ ယင်းတို့မှာ ပြည်သူ့လွှတ်တော်အတွက် လေးနေရာ၊ အမျိုးသားလွှတ်တော်အတွက် တစ်နေရာ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အတွက် ခုနစ်နေရာ၊ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အတွက် တစ်နေရာတို့ဖြစ်သည်။

ဤတွင်ရွေးကောက်ပွဲများ၌ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍမည်သို့ရှိသနည်း။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများကို လေ့လာမိသည်။ သိရှိရသမျှ အနှစ်ချုပ် မျှဝေပါရစေ။

## ရွေးကောက်ပွဲဟူသည်

ရွေးကောက်ပွဲဆိုသည်မှာ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲကို ဆိုသည်။

ရွေးကောက်ပွဲဟုဆိုရာတွင် အထွေထွေရွေးကောက်ပွဲ သို့မဟုတ် ကြားဖြတ်ရွေးကောက်ပွဲဟူ၍ နှစ်မျိုးရှိသည်။ လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွက် ကျင်းပသည့် ရွေးကောက်ပွဲသည် အထွေထွေ ရွေးကောက်ပွဲဖြစ်သည်။ လွှတ်တော်ပုံမှန်သက်တမ်း တစ်ရပ်အတွင်း မဲဆန္ဒနယ်တစ်ခု၌ ရွေးကောက်ပွဲ ရွှေ့ဆိုင်းထားရခြင်းကြောင့်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးနုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ ဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း သို့မဟုတ် တာဝန်မှရုပ်သိမ်းခြင်းခံရခြင်းကြောင့်ဖြစ်စေ လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် အခါအားလျော်စွာ ကျင်းပသည့် ရွေးကောက်ပွဲသည် ကြားဖြတ်ရွေးကောက်ပွဲဖြစ်သည်။

## ပါဝင်ယှဉ်ပြိုင်ခြင်းအတွက် သတ်မှတ်ပြဋ္ဌာန်းချက်

၂၀၁၀ ပြည့်နှစ်မှစတင်၍ လွှတ်တော်သက်တမ်း တစ်ရပ်စီအတွက် ကျင်းပသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်စီတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များအနက် မည်သည့်မဲဆန္ဒနယ်၌မဆို အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်တွင် မိမိပါတီကို ကိုယ်စားပြု၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်လျှင် ယင်းပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ရမည်။

လွှတ်တော်သက်တမ်းတစ်ရပ်စီအတွက် အထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီးသည့်နောက်ပိုင်းတွင် မှတ်ပုံတင်ခွင့်ရရှိသော ပါတီသည် ယင်းလွှတ်တော်သက်တမ်း အတွင်း ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်လျှင်ဖြစ်စေ၊ မဲဆန္ဒနယ် သုံးနယ်ထက်မနည်း ကျင်းပသော ကြားဖြတ် ရွေးကောက်ပွဲများ၌ အနည်းဆုံးမဲဆန္ဒနယ် သုံးနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်လျှင်ဖြစ်စေ ယင်းပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ရမည်။

ပါတီတစ်ခုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပြီး မိမိစည်းရုံးရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း၌ ကြားဖြတ်ရွေးကောက်ပွဲမရှိပါက ဝင်ရောက်ယှဉ်ပြိုင်ရန် မလိုပါ။ သို့ရာတွင် မဲဆန္ဒနယ်သုံးနယ်ထက်နည်း၍ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန်ရှိပါက ထိုမဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မယှဉ်ပြိုင်နိုင်လျှင် ယင်းပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကိုပယ်ဖျက်ရမည်။

## နိုင်ငံရေးပါတီများ ပါဝင်ယှဉ်ပြိုင်ခဲ့မှုအခြေအနေ

ပထမအကြိမ် လွှတ်တော်သက်တမ်းအတွက် ကျင်းပသည့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၄၂ ပါတီရှိရာ ၃၇ ပါတီက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပါတီငါးခုသည် သတ်မှတ်ထားသည့်အတိုင်း ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုသဖြင့် ပယ်ဖျက်ခဲ့ရသည်။

ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး နောက်ပိုင်း မှတ်ပုံတင်ခွင့်ရရှိသော ပါတီများထဲမှ နှစ်ပါတီသည် သတ်မှတ်ထားသည့်အတိုင်း ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်သဖြင့် ပယ်ဖျက်ခံခဲ့ရသည်။

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ကျင်းပသည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၉၁ ပါတီရှိရာ ပါတီအားလုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပယ်ဖျက်ခဲ့ရသည့် ပါတီမရှိခဲ့ပါ။

> **ရွေးကောက်ပွဲဟုဆိုရာတွင် အထွေထွေ ရွေးကောက်ပွဲသို့မဟုတ် ကြားဖြတ်ရွေးကောက်ပွဲ ဟူ၍ နှစ်မျိုးရှိသည်။ လွှတ်တော်ပုံမှန်သက်တမ်း တစ်ရပ်အတွက်ကျင်းပသည့် ရွေးကောက်ပွဲသည် အထွေထွေရွေးကောက်ပွဲ. . .**

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ အထွေထွေရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်း မှတ်ပုံတင်ခွင့်ရရှိသော ပါတီအားလုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပယ်ဖျက်ခံရသည့်ပါတီ မရှိခဲ့ပါ။

ယခုကျင်းပမည့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည်။ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြီးနောက် မှတ်ပုံတင်ခွင့်ရရှိခဲ့သော နိုင်ငံရေးပါတီ ခြောက်ပါတီအနက် ငါးပါတီက ဝင်ရောက်ယှဉ်ပြိုင်၍ အမည်စာရင်းတင်သွင်းထားပြီးဖြစ်သည်။ ကျန်ပါတီ တစ်ခုသည် သတ်မှတ်ထားသည့်အတိုင်း အမည်စာရင်းတင်သွင်းနိုင်ခြင်းမရှိသဖြင့် ဥပဒေအရ နိုင်ငံရေးပါတီအဖြစ်မှ ပယ်ဖျက်ခံရမည်သာဖြစ်သည်။

## ငွေကြေးသုံးစွဲခွင့်

ပါတီတစ်ခုသည် လွှတ်တော်သက်တမ်းတစ်ရပ်အတွင်း မိမိပါတီစည်းရုံးရေးအတွက် ပါတီ စည်းမျဉ်းနှင့်အညီ သတ်မှတ်ထားသော အသုံးစရိတ်များကို သုံးစွဲခွင့်ရှိသည်။

ပါတီတစ်ခုသည် အထွေထွေရွေးကောက်ပွဲ၌ဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲ၌ဖြစ်စေ မိမိပါတီကို ကိုယ်စားပြု၍ ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ရွေးကောက်ပွဲ အသုံးစရိတ် ငွေကျပ် သိန်းတစ်ရာအထိ သုံးစွဲနိုင်သည်။ အဆိုပါ ရွေးကောက်ပွဲ အသုံးစရိတ်ငွေကို ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်း၏ တရားဝင်ရရှိသော ငွေမှလည်းကောင်း၊ တရားဝင်ရရှိထားသော ပါတီရန်ပုံငွေမှလည်းကောင်း ကျခံသုံးစွဲနိုင်သည်။ ယင်း အသုံးစရိတ်စာရင်းများကို စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည်။

## မဲဆွယ်စည်းရုံးဟောပြောခွင့်

နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲကာလ အတွင်း မိမိတို့ပါတီအနိုင်ရရှိနိုင်ရေးအတွက် မဲဆွယ်စည်းရုံးဟောပြောခွင့်ရှိသည်။ ထို့ပြင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ခွင့်ပြုမိန့်နှင့်အညီ သတ်မှတ်ထားသည့်အတိုင်း မိမိတို့ပါတီ၏ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်တို့ကို ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ဟောပြောထုတ်လွှင့်ခွင့်ရှိသည်။

## တားမြစ်ချက်

နိုင်ငံရေးပါတီများသည် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြရာတွင် အောက်ဖော်ပြပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရပါ-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ဟောပြောမှု၊

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ဟောပြောမှု၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို မလေးစားမလိုက်နာမှု၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန်ဟောပြောမှု၊

(င) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောမှု၊

(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု၊

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုမှု၊

(ဇ) ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော် ဟောပြောမှု၊

(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏ တာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော် ဟောပြောမှု။

## ကျင့်ဝတ်များစောင့်ထိန်းရန်

နိုင်ငံရေးပါတီများအားလုံး၏ သဘောတူညီချက်ဖြင့် ရေးဆွဲထားသောနိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct for Political Parties and Candidates) ကို ၂၆-၆-၂၀၁၅ ရက်နေ့တွင် သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ နိုင်ငံရေးပါတီများသည် မဲဆွယ်စည်းရုံးဟောပြောခြင်း ပြုကြရာ၌ ယင်းကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာကြရန်လည်း လိုအပ်ပါမည်။

## စေ့စပ်ညှိနှိုင်းရေးကော်မတီများတွင် ပါဝင်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှစတင်၍ ရွေးကောက်ပွဲများ ကျင်းပသည့်အခါတိုင်း ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများကို ဗဟိုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဟူ၍ အဆင့်လေးဆင့်ဖွဲ့စည်း၍ ဆောင်ရွက်သည်။

ယခုကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ထိုကဲ့သို့ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီတွင် ရွေးကောက်ပွဲဝင်ရောက်သည့် ကိုယ်စားလှယ်လောင်းစာရင်း အများဆုံးတင်သွင်းသည့် နိုင်ငံရေးပါတီ ခုနစ်ခုမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်ပါမည်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများတွင် ယင်းဒေသများအတွင်းရှိ ရွေးကောက်ပွဲဝင်ရောက်သည့်ပါတီများမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်ပါမည်။

ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီများ၏ အဓိကလုပ်ငန်းတာဝန်များမှာ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီဖြစ်စေရန်နှင့် အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက အချိန်မီ ဖြေရှင်းဆောင်ရွက်နိုင်ရန်တို့ဖြစ်သည်။ ရည်ရွယ်ချက်မှာ ဥပဒေနှင့်အညီ လွတ်လပ်သော၊ တရားမျှတသော၊ ပွင့်လင်းမြင်သာသော၊ အများယုံကြည်လက်ခံနိုင်သော၊ မဲဆန္ဒရှင် ပြည်သူများ၏ ဆန္ဒမဲရလဒ်အမှန်ကို ထုတ်ဖော်နိုင်သော ရွေးကောက်ပွဲကြီးတစ်ခုဖြစ်ထွန်းစေရေးပင်ဖြစ်သည်။

အနှစ်ချုပ်ဆိုရသော် ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ရသည့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍသည် မြင့်မားသည်။ ဂုဏ်ယူထိုက်သည်။ အရေးပါသည်။ တန်ဖိုးထားအပ်သည်။ ဒီမိုကရေစီ၏ ရှေ့ဆောင်လမ်းညွှန်၊ မဲဆန္ဒရှင်များ၏ လမ်းပြကြယ်ဟူ၍ဆိုလျှင်မှားအံ့မထင်ကြောင်းပါ။

**အောင်မြင်သောရွေးကောက်ပွဲများ ဖြစ်ထွန်းပေါ်ပေါက်နေပါစေ၊**

**နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ ထာဝရမြင့်မားနေပါစေ၊**

**ဒီမိုကရေစီကျင့်စဉ် ထာဝစဉ်ရှင်သန်ဖြစ်ထွန်းနေပါစေ။**

တိုတိုထွာထွာဖတ်စရာ

## မင်းတပ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မင်းတပ်**
ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် မြေပြိုမှုများ၊ သဘာဝဘေးအန္တရာယ်အဖြစ် လက်ရှိတွေ့ကြုံနေရကြောင်း၊ ၎င်းအတွက် ကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့်တည်ဆောက်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း မင်းတပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ဇူလိုင် ၃၁ ရက်တွင် ကျင်းပသည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြားအွယ်က ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဦးရမ်ချွမ်းမန်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ခရိုင်တာဝန်ခံ ဦးကီးထန်း၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးရမ်ပေး (ဒုတိယညွှန်ကြားရေးမှူး) တို့က ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျိုက်မရော၌ သဘာဝဘေးအန္တရာယ်အချက်အလက်များ ပြသ

**ကျိုက်မရော**
မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးသတင်းအချက်အလက်များကို သိရှိနိုင်စေရန် ရုံးရှေ့မြေစိုက်ပြဘုတ်နှင့် ရုံးတွင်းနံရံကပ်ပြဘုတ်များတွင် သဘာဝဘေးဆိုင်ရာ အသိပညာပေးချက်များ၊ မိုးလေဝသသတင်းများ၊ မုန်တိုင်းသတိပေးချက်များ၊ ရေလွှမ်းမိုးမှုဖြစ်လာလျှင် လုပ်ဆောင်ရမည့်အချက်များ၊ ရေကြီးနေချိန်တွင် ရှောင်ကြဉ်ရမည့် သတိပေးချက်များကို ဇူလိုင် ၃၁ ရက်မှစ၍ နေ့စဉ်ခင်းကျင်းပြသထားလျက်ရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

## မောင်တော၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်

**မောင်တော**
ရခိုင်ပြည်နယ် မောင်တောမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက ဆိုင်ကယ်စက်ပြင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်ပွဲအခမ်းအနားကို ကံသာ(အထက်)ကျေးရွာတွင် ကျင်းပခဲ့သည်။

ဆိုင်ကယ်စက်ပြင်သင်တန်းတွင် သင်တန်းသားဦးရေ ၂၅ ဦး တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဩဂုတ် ၁ ရက်မှ ၃၀ ရက်အထိဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပူတာအို၌ စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲ ကျင်းပ

**ပူတာအို**
စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသော မိုးစပါးစံပြကွက်တွင် ဒေသခံတောင်သူများနှင့်အတူ စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက ပူတာအိုမြို့ မတ်ပန်ကွင်းရှိ ကွင်းအမှတ်(၄၁) ၌ ကျင်းပသည်။

အဆိုပါဓာတ်မြေဩဇာစုပေါင်းကြဲပက်ပွဲကိုပူတာအိုမြို့နယ် မတ်ပန်ကွင်းရှိ ကွင်းအမှတ်(၄၁) တောင်သူဦးဝင်းနိုင်ထွေး၏လယ်မြေတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး တောင်သူများ၏မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

## ရွှေကျင်-ရန်ကုန်ကားများ ပြန်လည်ပြေးဆွဲ

**ရွှေကျင်**
ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ရွှေကျင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေတို့ ကျဆင်းလာမှုကြောင့် ရွှေကျင်မြို့မှ ရန်ကုန်မြို့သို့ပြေးဆွဲနေသော ဝင်းရတနာကားလိုင်းနှင့် ရွှေနတ်တောင်ကားလိုင်းတို့ ဩဂုတ် ၂ ရက် နံနက် ၇ နာရီမှစ၍ ပြန်လည်ပြေးဆွဲလျက်ရှိသည်။

လိုင်းကားများပြန်လည်ပြေးဆွဲနိုင်သည်အထိ မြစ်ရေများကျဆင်းလာမှုကြောင့် ပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် လိုင်းကားများပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကော့မှူး၌ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ရန်ကုန်**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်သည် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးကြည်နှင့်အတူ ဇူလိုင်လတတိယပတ်က ကော့မှူးမြို့ ဟသ်ာကုန်းကျေးရွာသို့ ကွင်းဆင်းပြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် တာဝန်ကျဝန်ထမ်းများ၊ လူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီဝင်များနှင့် ကျေးရွာလူထုအား တွေ့ဆုံကာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်မြဲစေရန်နှင့် အမှိုက်များအား စနစ်တကျစွန့်ပစ်သောစနစ်အား လိုက်နာကျင့်သုံးရန် မှာကြားခဲ့ကြောင်း သိရသည်။

**နေသစ်ဦး**

# မိတ္ထီလာတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်

**မိတ္ထီလာ ဩဂုတ် ၂**
မိတ္ထီလာမြို့နယ် ဝန်ဇင်းရပ်ကွက်တွင် ဩဂုတ် ၁ ရက် ညနေ ၆ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၅၁ လုံး ပျက်စီးဆုံးရှုံးမှုတချို့ဖြစ်ပွားခဲ့ပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့ကြောင်း အဆိုပါရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းထံမှ သိရသည်။

"မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းစတင်တိုက်ခတ်တာက ညနေ ၆ နာရီခွဲလောက်ကဖြစ်ပြီး သစ်ပင်တွေလဲတယ်။ လူနေအိမ်တွေ သွပ်မိုးတွေ လန်ကုန်တယ်။ တချို့အိမ်ပေါ် သစ်ပင်လဲကျတာမျိုးတွေဖြစ်တာလို့တော့ ချက်ချင်းသိပေမယ့် မိုးကလည်း သဲသဲမဲမဲရွာနေတော့ ချက်ချင်းထွက်ကြည့်လို့မရဘဲ ည ၈ နာရီလောက် မိုးနည်းနည်းစဲသွားမှ သွားရောက်ကြည့်ရှုခဲ့ပါတယ်။ ညတွင်းချင်း ပျက်စီးဆုံးရှုံးတဲ့ လူနေအိမ်စာရင်းကောက်ယူတော့ ၃၂ အိမ်ပဲ သိရတယ်။ မနက်ကျမှ ထပ်မံကွင်းဆင်းစစ်ဆေး စာရင်းကောက်ယူတော့ အိမ် ၅၁ လုံးခန့် သွပ်မိုးလန်ပြီး ပျက်စီးဆုံးရှုံးမှုအချို့ဖြစ်ပွားခဲ့တယ်။ အဲဒီအထဲကမှ သွပ်မိုးထရံကာ နှစ်ထပ်အိမ်နှစ်လုံးကတော့ လုံးဝပြိုကျ ပျက်စီးတာမျိုးရှိတယ်။ အိမ်ပြိုလဲကျတဲ့ အိမ်တစ်အိမ်က အမျိုးသမီးတစ်ဦးကတော့ အနည်းငယ်ထိခိုက်မိလို့ ခါးနာသွားတာမို့ ဆေးရုံကို တင်ပို့ကုသထားရပေမယ့် စိုးရိမ်စရာမရှိပါဘူး" ဟု ဝန်ဇင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းက ပြောသည်။

ဝန်ဇင်းရပ်ကွက် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်သည့် သွပ်မိုးလန် လူနေအိမ်များ၊ အိမ်ပေါ် သစ်ပင်လဲကျသည့်လူနေအိမ်များ၊ လမ်းပေါ်လဲကျသည့် သစ်ပင်များ ရှင်းလင်းဆောင်ရွက်ခြင်းကို ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ် ၇၉ တပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ အမှတ် ၃၅ လုံခြုံရေးရဲတပ်ရင်း တပ်ဖွဲ့ဝင်များ၊ ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက် ၁၃ ခုမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဒေသခံပရဟိတလူငယ်များ စုပေါင်းဝိုင်းဝန်းကူညီကြပြီး ပျက်စီးဆုံးရှုံးခဲ့သည့် လူနေအိမ်များမှ အိမ်ထောင်စုများအား ပံ့ပိုးထောက်ပံ့မှုများပေးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာတိုက်ခန်းဈေးနှုန်းများသတ်မှတ်ကြေညာ



**မန္တလေး ဩဂုတ် ၂**
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများကို ရောင်းချမည့် မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာတိုက်ခန်းဈေးနှုန်းများကို ဩဂုတ် ၁ ရက်တွင် အသိပေးသတ်မှတ်ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်ခန်းများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီတို့က ၂၀၁၆ ခုနှစ်မှစတင်၍ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တစ်ခန်းလျှင် ၆၆၁ စတုရန်းပေကျယ်ဝန်းသည့် လေးခန်းတွဲခြောက်ထပ်ပါ တိုက်လုံးရေ ၂၈ လုံး၊ အခန်းပေါင်း ၆၇၂ ခန်းကို မြေညီထပ်တစ်ခန်းလျှင် ငွေကျပ်သိန်း ၂၆၀၊ ပထမထပ်သိန်း ၂၄၀၊ ဒုတိယထပ်သိန်း ၂၂၀၊ တတိယထပ်သိန်း ၂၁၀၊ စတုတ္ထထပ်သိန်း ၂၀၀ နှင့် ပဥ္စမထပ်သိန်း ၁၉၀ တို့ဖြင့် ရောင်းချပေးသွားရန် ကြေညာထားကြောင်း သိရသည်။

"လျှောက်ထားသူ နိုင်ငံ့ဝန်ထမ်းတွေအတွက် လုပ်သက်သတ်မှတ်ထားခြင်းမရှိပေမယ့် လျှောက်လွှာမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ လုပ်သက်ကို ဖော်ပြခိုင်းထားပါတယ်။ ဒ့ါအပြင် လက်ငင်း သို့မဟုတ် အရစ်ကျစနစ်နဲ့ဝယ်ယူမယ့် နည်းလမ်းတွေကိုလည်း ဖော်ပြခိုင်းထားပါတယ်။ လျှောက်လွှာတွေအားလုံး လက်ခံပြီးရင် အိမ်ရာရောင်းချရေးအဖွဲ့က စိစစ်ရွေးချယ်ပြီး ရောင်းချပေးသွားမှာဖြစ်ပါတယ်" ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ ဌာနမှူး ဦးဇော်ဝင်းက ပြောသည်။

လက်ရှိတွင် အဆိုပါတိုက်ခန်းများ ရောင်းချနိုင်ရန်အတွက် လျှောက်လွှာတစ်စောင်လျှင် ငါးရာကျပ်နှုန်းဖြင့် ဇူလိုင် ၂၄ ရက်မှစ၍ ဩဂုတ် ၇ ရက်ထိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်းအတွင်းရှိ ဓမ္မာရုံတွင် ရောင်းချပေးလျက်ရှိပြီး ဝယ်ယူလိုသူများ၏ လျှောက်လွှာများအား ဩဂုတ် ၁ ရက်မှ ၁၄ ရက်ထိ ပြန်လည်လက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပဲခူးမြို့နယ်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၂၀ ပိတ်သိမ်း

**ပဲခူး ဩဂုတ် ၂**
ပဲခူးမြို့နယ်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၅၁ ခုအနက် ရေပြန်လည်ကျဆင်းသွားသဖြင့် ဩဂုတ် ၁ ရက်က ကယ်ဆယ်ရေးစခန်း ၂၀ ပိတ်သိမ်းလိုက်ကြောင်း သိရသည်။

ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက် ၃၁ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၈ စုတို့သည် ပဲခူးမြစ်ရေမြင့်တက်လာမှုကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်ပွား ဇူလိုင် ၂၆ ရက်မှစတင်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကယ်ဆယ်ရေးစခန်း ၅၁ ခု ဖွင့်လှစ်ပေးထားသည်။

ဩဂုတ် ၁ ရက် ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ၈၂၇ စင်တီမီတာသို့ ပြန်လည်ကျဆင်းသွားပြီဖြစ်သောကြောင့် ရပ်ကွက်ကိုးခုနှင့် ကျေးရွာအုပ်စုနှစ်ခုရှိ ကယ်ဆယ်ရေးစခန်း ၂၀ စုအား ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းမှစတင်၍ ပိတ်သိမ်းလိုက်ကြောင်း၊ ပဲခူးမြို့နယ်အတွင်း ယခုလက်ရှိတွင် ရပ်ကွက်လေးခုနှင့် ကျေးရွာအုပ်စု ၁၆ စုတို့၌ ဖွင့်လှစ်ထားရှိသော ကယ်ဆယ်ရေးစခန်း ၃၁ ခုကျန်ရှိတော့မည်ဖြစ်သည်။

အဆိုပါစခန်းများတွင် အိမ်ထောင်စု ၆၇၁၈ စု လူဦးရေ ၃၀၂၉၉ ဦးသာ ကယ်ဆယ်ရေးစခန်းများတွင် ကျန်ရှိနေကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ကွေးညွတ်နိုင်သည့် စမတ်ဖုန်းထုတ်လုပ်ရန် အတည်ပြုလိုက်သည့် Xiaomi နှင့် Oppo

ကွေးညွတ်နိုင်သည့် စမတ်ဖုန်းထုတ်လုပ်မည်ဟု တရားဝင်ကြေညာထားသည်မှာ Samsung မှ ပထမဆုံးဖြစ်သော်လည်း ယခုအခါ Xiaomi နှင့် Oppo တို့မှလည်း အလားတူစမတ်ဖုန်းများ ထုတ်လုပ်တော့မည်ဟု သတင်းများထွက် ပေါ်လာခဲ့ပြီဖြစ်သည်။ ကွေးညွတ်နိုင်သည့်မျက်နှာပြင်ကို ဖန်တီးနေသည့် ကုမ္ပဏီမှာ LG နှင့် BOE တို့ဖြစ်ပြီး ၎င်းတို့မှ ကွေးညွတ်နိုင်သည့် မျက်နှာပြင်များကိုသာ ထုတ်လုပ်သွားမည်ဖြစ်ပြီး စမတ်ဖုန်းများနှင့် အခြားအရာများ ထုတ်လုပ်မည်ဟု ကြေညာထားခြင်းမရှိကြောင်း သိရသည်။

ကွေးညွတ်သည့်တီဗွီများကို Samsung မှထုတ်လုပ်ဖြန့်ချိခဲ့ပြီး ၎င်းထက်ပိုမို ကွေးညွတ်နိုင်သည့် မျက်နှာပြင်ပါဝင်သော စမတ်ဖုန်းနှင့် တက်ဘလက်များကို ထုတ်လုပ်သွားမည်ဟုကြေညာခဲ့ပြီး ယနေ့တိုင်ဈေးကွက်အတွင်း ပေါ်ပေါက်လာခဲ့ခြင်းမရှိဘဲ Xiaomi နှင့် Oppo ကဲ့သို့ တရုတ်နိုင်ငံအခြေစိုက် မိုဘိုင်းပစ္စည်းလုပ်ငန်းများက ထုတ်ပြန်ကြေညာချက်များ ပေါ်ပေါက်လာခဲ့သည်ကို တွေ့ရခြင်းဖြစ်သည်။ အဆိုပါ ကွေးညွတ်နိုင်သည့်မျက်နှာပြင်ပါဝင်သည့် စမတ်ဖုန်းများသို့မဟုတ် ခေါက်ချိုးနိုင်သည့်မျက်နှာပြင်ပါဝင်သည့် တက်ဘလက်များကို မိုဘိုင်းပစ္စည်းပြပွဲများတွင် နမူနာအဖြစ်သာ တွေ့မြင်ရပြီး လက်တွေ့ဈေးကွက်အတွင်း မြင်တွေ့ရခြင်းမရှိသေးကြောင်း သိရသည်။

Xiaomi သည့် ကွေးညွတ်နိုင်သည့်မျက်နှာပြင်ပါဝင်သော စမတ်ဖုန်းများကို



ပထမဆုံးထုတ်လုပ်ဖြန့်ချိသူဖြစ်ရန် ကြိုးပမ်းနေပြီး မိတ်ဆက်ပြသသွားမည်ဖြစ်ကာ အလုံးရေအမြောက်အမြား ရောင်းချပေးသွားမည်ဟုသိရပြီး Samsung မှ ကြေညာထားသည့်ဈေးနှုန်းထက် ထက်ဝက်သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဟုလည်း ပြောကြားထားကြောင်း သိရသည်။


ALEX




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ဓမ္မပဒ



ဗုဒ္ဓဟောကြားခဲ့သောတရားတော်တို့၏ အဆီအနှစ်အကျဉ်းချုပ်ကိုသိရှိနိုင်စေရန် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်ဖြင့်ထွက်ရှိလာသည်။

ဓမ္မပဒဟူသည် ဓမ္မနှင့် ပဒပုဒ်နှစ်ခုကိုပေါင်းထားသည့် အမည်ဖြစ်ပြီး ဓမ္မ၏ အဓိပ္ပာယ်များအနက် တရားဟူသောအများသိ အဓိပ္ပာယ်သည် အဓိကဖြစ်သည်။ တရားဟူသည် အမှတ်တရား၊ တရားဒေသနာ၊ ဗုဒ္ဓ၏ဒေသနာ၊ ဘာသာတရား၊ ကျင့်စဉ်တရားတို့ကိုဆိုလိုသည်။ ပဒမှာ ခြေ၊ ခြေရာ၊ အခြေခံ၊ လမ်းကြောင်း၊ ဂါထာစုဟူ၍ဖြစ်သည်။ အဆိုပါစာအုပ်တွင် ကောင်းမှု၊ မကောင်းမှု၊ တရားမှားနှင့် တရားမှန်၊ အယူမှားနှင့် အယူမှန်၊ လူမိုက်နှင့် ပညာရှိ စသည်တို့ကိုခွဲခြားနားလည်နိုင်သည့်အပြင် ဗုဒ္ဓဘာသာဝင်ကိုမဆိုထားဘိ အမှန်တရားကို လိုလားမြတ်နိုးစွာရှာဖွေသည့် အခြားဘာသာဝင်ကိုပင် ဗုဒ္ဓတရားတော်ကို လက်ခံလာအောင် ဆွဲဆောင်နိုင်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို နန်းဒေဝီစာပေ၊ အမှတ်-၂၀၀၊ (ပ-ထပ်)၊ ၃၆ လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁၃၈၃၀၂၅ နှင့် ၀၁ ၃၉၁၆၃၃ တို့မှ ဖြန့်ချိသည်။**

## ပန်းပဲစွမ်းအားမြန်မာ့မင်းလမ်းဓား




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆုရရှိသည့် ဇော်လွင်ဦး(ဟသ်ာတ)၏ "ပန်းပဲစွမ်းအားမြန်မာ့မင်းလမ်းဓား" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မြန်မာ့ရိုးရာပန်းဆယ်မျိုးအနက် ပန်းပဲပညာအလွန်ထွန်းကားသော ဘူမိနက်သန်နေရာဖြစ်သည့် ပျော်ဘွယ်မြို့နယ် မင်းလမ်းရွာ၏ ပန်းပဲဖိုများမှ ဓားပြုလုပ်ပုံအဆင့်ဆင့်ကို ဓာတ်ပုံမှတ်တမ်းများ၊ ပန်းချီရုပ်ပုံမှတ်တမ်းများဖြင့် စုံစုံလင်လင် ရေးသားတင်ပြထားသည့်အပြင် ရှေးဟောင်းမြန်မာစာပေမှတ်တမ်းများတွင်ပါရှိသည့် ဓားရေး ၃၇ ချင်း၊ ရတု စသည့်စာပေအဖွဲ့အနွဲ့များကို စုစုစည်းစည်း ရေးသားတင်ပြထားသည့်အတွက် စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ပါသည်။

**အဆိုပါစာအုပ်ကို အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ်ဂတ-၅၅) သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့်၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။**

## နေ့စဉ်ကျန်းမာရေးအတွက်လက်တွေ့နည်းလမ်းများအမှတ်(၂)



ကျန်းမာရေးသည်လူသားတိုင်းအတွက် အဓိကအရေးကြီးသော အကြောင်းခြင်းရာဖြစ်သောကြောင့် စာရေးသူကျော်သက်ခိုင် (ဆေးတက္ကသိုလ်) စီစဉ်ရေးသားသည့် နေ့စဉ်ကျန်းမာရေးအတွက် လက်တွေ့နည်းလမ်းများ အမှတ်(၂) စာအုပ်ထွက်ရှိလာသည်။

ပုံမှန်ကိုယ်လက်လှုပ်ရှားမှုသည် အသက်အရွယ်ကြီးရင့်ခြင်းနှင့် ယှဉ်တွဲ၍ဖြစ်ပေါ်လာသည့် နာတာရှည်ရောဂါများဖြစ်သည့် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အချို့သောကင်ဆာများ၊ အဆစ်အမျက်ရောင်ရောဂါ၊ အရိုးပွရောဂါ၊ စိတ်ကျရောဂါ စသည်တို့ ဖြစ်ပွားခြင်းမှ ကာကွယ်ပေးနိုင်သည့်အပြင် နှလုံးကိုသန်စွမ်းအားကောင်းစေခြင်း၊ သွေးကြောများကိုလမ်းကြောင်းပွင့်စေခြင်း၊ အဆုတ်များကို သန်စွမ်းအားကောင်းစေခြင်း၊ သွေးအချိုဓာတ်ပမာဏများကိုကျဆင်းစေခြင်း၊ ကိုယ်အလေးချိန်ကို ထိန်းသိမ်းခြင်း၊ အရိုးကိုသန်စွမ်းကြံ့ခိုင်စေခြင်း၊ ကင်ဆာကိုကာကွယ်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

**စာအုပ်ကို ကျော်သက်ခိုင်စာပေ၊ အမှတ်-၂၁ (၆-လွှာ၊ ယာ)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၅၆၈၅၃နှင့် ၀၉-၇၈၁၃၉၂၈၁၇၂ တို့မှ ဖြန့်ချိသည်။**

## အဆင့်မြင့်စာရင်းကိုင်နှင့် EXCEL အသုံး



စာရင်းအင်းသဘောတရားများနှင့် အခြားလေ့လာသင့်သော Excel ဆိုင်ရာ အဆင့်မြင့် သိစရာများ၊ စာရင်းအင်း Project များစွာကို လေ့လာနိုင်စေရန် စာရေးသူ သန်းထိုက်(ရွှေရိပ်) စီစဉ်ရေးသားသည့် အဆင့်မြင့်စာရင်းကိုင်နှင့် EXCEL အသုံး စာအုပ်ထွက်ရှိလာသည်။

ကျောင်းလုပ်ငန်းဆိုင်ရာများ၊ ကျောင်းသားစာရင်းဆိုင်ရာများ၊ လုပ်ငန်းငယ်များ စာရင်းထိန်းသိမ်းမှုများ၊ လုပ်ငန်းသစ်စာရင်းထားသိုမှု၊ ဝန်ထမ်းများစီမံမှု လစာနှင့် အလုပ်ခွင်ထိန်းသိမ်းမှုများသာမက ယနေ့ခေတ်စားနေသည့် Gym လုပ်ငန်းတစ်ခုလုံးအား စီမံမှုစာရင်းအင်းနှင့် မှတ်တမ်းများထားသိုမှုများ စသည်ဖြင့် လုပ်ငန်းခွင်အတိုင်းလေ့လာသင်ယူနိုင်စေရန် ဖန်တီးပြုစုထားသဖြင့် အစိုးရဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများ စာရင်းကိုင်နှင့် ပတ်သက်သည်များကို သိရှိနိုင်စေရန် လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မရွှိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း(အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၈၃၉၂၈၃၅ နှင့် ၀၉-၇၇၃၇၇၄၇၃၃ တို့မှ ဖြန့်ချိသည်။**

# ပါ့ခ်စိုးဂျင်နဲ့အကြောင်းကို ထုတ်ဖော်ပြောကြားလာတဲ့ ပါ့ခ်မင်ယောင်း





လတ်တလော တောင်ကိုရီးယားမှာ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ထွက်နေတဲ့ ကြယ်ပွင့်တွေဖြစ်ကြတဲ့ မင်းသား ပါ့ခ်စိုးဂျင်နဲ့ မင်းသမီး ပါ့ခ်မင်ယောင်းတို့ ကောလာဟလတွေကဲ့သို့ ချစ်သူတွေမဟုတ်ကြောင်း အေဂျင်စီတွေက ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ယခု မင်းသမီး ပါ့ခ်မင်ယောင်းက သူတို့နှစ်ဦးရဲ့ ဇာတ်လမ်းကို ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ လတ်တလောပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ပါ့ခ်မင်ယောင်းက သူတို့နှစ်ဦး ချစ်သူတွေမဟုတ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ် ၁ ရက်မှာ ပြုလုပ်ခဲ့တဲ့ ပါ့ခ်မင်ယောင်းရဲ့ ရုပ်ရှင် " What's Wrong with Secretary Kim"အတွက် အင်တာဗျူးမှာတော့ မင်းသမီးက လတ်တလောပေါ်ထွက်နေတဲ့ ကောလာဟလတွေနဲ့ ပတ်သက်ပြီး ပြောကြားခဲ့တာပါ။ သူနဲ့ မင်းသား ပါ့ခ်စိုးဂျင်တို့ ချစ်သူတွေဖြစ်နေကြောင်း စွပ်စွဲပြောဆိုရာမှာ ဖော်ပြခဲ့ကြတဲ့ သက်သေတွေဟာလည်း အတုတွေဖြစ်ကြောင်းနဲ့ ဒီလို ပြုလုပ်ခဲ့ကြတဲ့အပေါ် သူ့အနေနဲ့ အနည်းငယ် စိတ်ဆိုးမိကြောင်းလည်း ဆိုပါတယ်။ ပါ့ခ်မင်ယောင်းက သူတို့နှစ်ဦးရဲ့ အချစ်ဇာတ်လမ်းဟာ ရုပ်ရှင်ထဲမှာသာဖြစ်ပြီး လက်တွေ့ဘဝထဲကို လုံးဝသယ်ဆောင်လာခြင်း မရှိကြောင်းလည်း ငြင်းဆိုခဲ့ပါတယ်။

ဒါ့အပြင် မင်းသမီးက သူ့အနေနဲ့ ကောလာဟလတွေကို ငြင်းဆိုနေရတာ အလွန်ပင်ပန်းနေပြီဖြစ်ကြောင်း ဆိုပါတယ်။ ချစ်သူတွေမဟုတ်ကြောင်း ထပ်ခါထပ်ခါရှင်းပြနေရကာ ဒီကောလာဟလတွေအတွက် သူ့ရဲ့အချိန်တွေ အတော်လေးပေးခဲ့ရကြောင်း၊ စိတ်မှာလည်း ဝန်ထုပ်ဝန်ပိုးတစ်ခုထမ်းထားရသလိုဖြစ်နေပြီး သူ့ရဲ့ရုပ်ရှင်မှာ အတူတွဲဖက်ပါဝင်ခဲ့တဲ့သူတွေကိုလည်း သူ့ရဲ့ ကောလာဟလတွေကို အချိန်ပေးကာ ပြန်လည်ဖြေကြားပေးနေရတဲ့အပေါ် အားနာမိကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ပါ့ခ်မင်ယောင်းနဲ့ ပါ့ခ်စိုးဂျင်တို့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ထွက်ပေါ်လာချိန်မှာတော့ "What's Wrong with Secretary Kim" ဇာတ်လမ်းတွဲဟာ "Descendants of the Sun"ဇာတ်လမ်းတွဲရဲ့ ခြေရာကို နင်းတော့မှာဖြစ်တယ်လို့ အထင်ရောက်စေပါတယ်။ အကြောင်းကတော့ " What's Wrong with Secretary Kim"မှာ ပါဝင်နေတဲ့ ဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသားနဲ့ မင်းသမီးဟာ မျိုးရိုးနာမည်တွေတူကြသလို ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ထွက်ပေါ်လာခဲ့လို့ ဖြစ်ပါတယ်။ "Descendants of the Sun"ဇာတ်လမ်းတွဲရဲ့ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ဆောင်းဂျွန်ကီနဲ့ မင်းသမီး ဆောင်းဟေကိုတို့ဟာလည်း မျိုးရိုးနာမည်တွေတူကြပြီး ဆောင်း-ဆောင်း စုံတွဲရယ်လို့ နာမည်ကျော်ကြသူတွေဖြစ်ကြလို့ပါ။ "What's Wrong with Secretary Kim"ဇာတ်လမ်းတွဲမှာ ပါဝင်ထားကြတဲ့ မင်းသမီး ပါ့ခ်မင်ယောင်းနဲ့ မင်းသား ပါ့ခ်စိုးဂျင်တို့ဟာလည်း ပါ့ခ်-ပါ့ခ် စုံတွဲအဖြစ် ကောလာဟလတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ဒီသတင်းတွေဟာ ကောလာဟလတွေအဖြစ်သာ ပေါ်ထွက်လာခဲ့တာပါ။ အမှန်တကယ်စုံတွဲအဖြစ် မရောက်ခဲ့ဘဲ သူတို့ရဲ့ အေဂျင်စီတွေဘက်က ကောလာဟလတွေကို ပြန်လည်ကာ ငြင်းချက်ထုတ်ခဲ့ကြောင်း သိရပါတယ်။ နောက်ပိုင်းမှာတော့ ကာယကံရှင်နှစ်ဦးစလုံးကလည်း သတင်းတွေ မမှန်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာကို တွေ့ရပါတယ်။

"What's Wrong with Secretary Kim"ဇာတ်လမ်းတွဲဟာ ပြီးခဲ့တဲ့ အင်္ဂါနေ့မှာ ကြည့်ရှုသူပရိသတ် များပြားနေဆဲမှာပင် ဇာတ်သိမ်းသွားခဲ့တာဖြစ်ပါတယ်။ ဒီလို ဇာတ်လမ်းအဆုံးသတ်ထုတ်လွှင့်မှုနဲ့အတူ အဓိကသရုပ်ဆောင်တွေ ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေဟာလည်း တစ်ဆက်တည်း ပေါ်ထွက်လာခဲ့တာပါ။ ယင်းဇာတ်လမ်းတွဲမှာ ပါ့ခ်မင်ယောင်းက အဓိကအမျိုးသမီးဇာတ်ဆောင်နေရာမှာ ပါဝင်ခဲ့တာဖြစ်ပြီး ရင်းနှီးတဲ့ သတင်းရင်းမြစ်တွေရဲ့ ပြောကြားချက်အရ ပါ့ခ်မင်ယောင်းကို အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်စေဖို့ ရွေးချယ်ခဲ့သူကလည်း မင်းသား ပါ့ခ်စိုးဂျင် ဖြစ်တယ်လို့လည်း သိရပါတယ်။

တစ်ဆက်တည်းပေါ်ထွက်လာတဲ့ သတင်းတွေအရ သူတို့နှစ်ဦးချစ်သူတွေဖြစ်ခဲ့ကြတာ သုံးနှစ်ခန့်ရှိကြောင်းလည်း သိရပါတယ်။ ဒီလိုလက်တွဲလာခဲ့ပြီး မကြာမီ လက်ထပ်ဖို့ရာ စီစဉ်ထားကာ ဇာတ်လမ်းတွဲမှာလည်း အတူတွဲဖက်သရုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။

ဆောင်း-ဆောင်း စုံတွဲတုန်းကလည်း ဇာတ်လမ်းထုတ်လွှင့်မှုအပြီးမှာ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ပေမယ့် အေဂျင်စီတွေက ငြင်းဆိုခဲ့ပါတယ်။ နောက်ပိုင်းမှာ ကာယကံရှင်တွေဘက်က ဝန်ခံခဲ့ကြပြီး တစ်ချိန်တည်းမှာပင် မင်္ဂလာသတင်းကိုပါ အသိပေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပါ့ခ်မင်ယောင်းနဲ့ ပါ့ခ်စိုးဂျင်တို့ကိုလည်း ယခုအချိန်မှာ ငြင်းချက်ထုတ်ကြပေမယ့် နောင်တစ်ချိန်မှာတော့ ဝန်ခံလာကြမလားရယ်လို့လည်း ပရိသတ်တွေက မျှော်လင့်နေကြကြောင်း သိရပါတယ်။

**အေးပြည့်**

**တိုတိုထွာထွာဖတ်စရာ**

## ဖျာပုံ၌ မိုးစပါးဧက ၈၇၀၀၀၀ ကျော် စိုက်ပျိုးမည်

**ဖျာပုံ**

၂၀၁၈-၂၀၁၉ မိုးစပါးစိုက်ပျိုးရာသီတွင် ဖျာပုံခရိုင်၌ ၈၇၇၇၉၃ ဧက စိုက်ပျိုးရန်လျာထားပြီး ဖျာပုံမြို့နယ်က ဧက ၂၀၆၅၉၀၊ ဘိုကလေးမြို့နယ်က ၃၆၀၂၃၄ ဧက၊ ကျိုက်လတ်မြို့နယ်က ၁၃၂၆၉၂ ဧကနှင့် ဒေးဒရဲမြို့နယ်က ၁၇၈၂၇၇ ဧက စိုက်ပျိုးကြမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးရုံးမှ သိရသည်။

ယင်းသို့စိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးစပါးကိုးမျိုး၊ အဆင့်မြင့်မျိုးစပါးသုံးမျိုး၊ ဒေသမျိုးငါးမျိုး ထည့်သွင်းစိုက်ပျိုးလျက်ရှိကြပြီး ဇူလိုင် ၃၁ ရက်ထိ လျာထားဧက၏ ၇၉ ဒသမ ၃၄ ရာခိုင်နှုန်းစိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးမန်နေဂျာက ပြောသည်။ **အောင်ဝင်း(ဖျာပုံ)**

## ပုဇွန်တောင်မြို့နယ်၌ မူခင်းအသိပညာပေးလုပ်ငန်း ဆောင်ရွက်

**ရန်ကုန်**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ် (၇) ရပ်ကွက် အထက်ပုဇွန်တောင်လမ်း ပုဇွန်တောင်ဈေးရှေ့တွင် ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ပုဇွန်တောင်မြို့မစခန်းမှူး ဒုရဲမှူးမျိုးအောင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၃၂ မှ ဒုရဲမှူးဝင်းတင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ တပ်ဖွဲ့စု ၆ မှ ဒုရဲအုပ်ကျော်လင်းထိုက်နှင့် တာဝန်ရှိသူများ ပူးပေါင်း၍ မူခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းတို့ကို ရှင်းလင်းပြသခဲ့ရာ ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၂၀၀ ခန့် လာရောက်လေ့လာကြခဲ့ကြကြောင်း သိရသည်။ **ကိုရဲ**

## တောင်ဥက္ကလာပ၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးခိုင်ဝင်းက ဇူလိုင် ၃၀ ရက် ည ၇ နာရီတွင် တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေး မူခင်းအသိပညာပေးဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

# ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**လွိုင်ကော် ဩဂုတ် ၂**



နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တာဝန်ယူပြီး နှစ်နှစ်ကျော်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း၊ လိုအပ်သည့်ဌာနများအား မူဝါဒနှင့်အညီ တာဝန်ပေးအပ်နိုင်ရေး ဖော်ဆောင်ခဲ့ပြီး ကျန်ရှိနေသေးသည့် လမ်းအဆင့်မြှင့်တင်ခြင်း ကဏ္ဍတွေကိုလည်း ကြိုးပမ်းဖော်ဆောင်ပေးနေကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများအပြင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကိုလည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ပြည်နယ်အတွင်း ခရီးသွားကဏ္ဍတွင် မူဝါဒနှင့်အညီ အပြန်အလှန် အကျိုးရရှိစေရေးအတွက် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်ဝန်က မယ်ဟောင်ဆောင်နှင့် ကယားပြည်နယ်တို့ ဆက်သွယ်ထားသည့် BP-13 ယာယီလမ်းကြောင်းကို ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်၏ ရိုးရာယဉ်ကျေးမှုများသည် မယ်ဟောင်ဆောင်ခရိုင်နှင့် ကွာဟမှုသိပ်မရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်မှာလည်း မပျက်စီးဘဲ လှပလျက်ရှိသေးကြောင်း၊ Pai မြို့ မြို့နယ်အတွင်း လာရောက်သည့် ခရီးသွားများ ကယားပြည်နယ်အတွင်းသို့ ဆက်လက်လာရောက်လည်ပတ်ရာတွင် BP-13 လမ်းကြောင်းကို အသုံးပြုရမည်ဖြစ်သည့်အတွက် သွားလာမှုအဆင်ပြေစေရေး ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ကုန်သည်၊ စက်မှုလက်မှု၊ လွိုင်ကော်စက်မှုဇုန်၊ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးနှင့် ကယားပြည်နယ် ခရီးသွားလုပ်ငန်းတို့မှ ကဏ္ဍအလိုက် အသီးသီး တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်အုပ်ချုပ်ရေးမှူး Mr . Sirirat Chamupakarn နှင့် အဖွဲ့ဝင် ၃၄ ဦးတို့ တက်ရောက်ခဲ့ကြသည်။ **ဈာန်လင်း(ကန္တာရဝတီမြေ)**


# ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇အရ ကျင့်သုံးဆောင်ရွက်သော အီလက်ထရွန်နစ် ကုမ္ပဏီမှတ်ပုံတင်စနစ် Myanmar Companies Online "MyCO" နှင့်အတူ ၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင်-

ပထမဆုံး ကုမ္ပဏီမှတ်ပုံတင်ခဲ့သော

RECOMM BUSINESS SOLUTIONS MYANMAR CO.,LTD နှင့်

ပထမဆုံးပြန်လည်မှတ်ပုံတင်ခဲ့သော

UNIBIZ CO.,LTD

တို့အား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန










ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းအောင်(ခ) Gerald (၈၆)နှစ်
**လ/ထ ညွှန်ကြားရေးမှူး (ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန**
**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒိုင်လူကြီးဟောင်း**
**အကောက်ခွန် ဘောလုံးအသင်း နည်းပြအုပ်ချုပ်သူ**
**အကောက်ခွန် တင်းနစ် အသင်း အမှုဆောင်**
**အကောက်ခွန် ပြေးခုန်ပစ်အသင်း အမှုဆောင် နာယက**
**အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ် ဒိုင်လူကြီးဟောင်း**

ရန်ကုန်မြို့နေ (ဦးလှမောင်-ဒေါ်ရင်ကြည်) တို့၏ သားကြီး၊ ဒေါ်မြင့်မြင့်တင်၏ ခင်ပွန်း၊ Capt. မော်ဦးမြင့်-ဒေါ်မို့မို့အောင်၊ ဦးရဲကျော်အောင် (အကောက်ခွန်မှူး၊ ငြိမ်း)-ဒေါ်နီလာဦး၊ Capt. ဝင်းလွင်-ဒေါ်သီတာအောင်၊ ဦးအောင်ကျော်မိုး-ဒေါ်လဲ့မွန်သင်းတို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) တွင် မရမ်းကုန်းမြို့နယ်၊ တေဇစက္ကီကျောင်းသို့ ရည်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရင်ရင်အေး (၈၅)နှစ်

ပဲခူးမြို့၊ သမဲ့ချောင်းကျေးရွာနေ (ဦးထွန်းမောင်-ဒေါ်ကျင်မြိုင်)တို့၏ သမီး၊ အမှတ်(၂၃)၊ ကျောင်းလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးစိန်မောင်)၏ဇနီး၊ (ဦးစိုးမြင့်-ဒေါ်မြင့်မြင့်ကြည်)၊ ဦးသန့်ဇင်ဦး(CB Bank)-ဒေါ်ဝင်းဝင်းရီ၊ (ဦးခင်မောင်ကို)၊ (ဦးယဉ်ထွန်း)-ဒေါ်ငွေငွေဝင်း၊ ဦးထွန်းဝေ-ဒေါ်အေးအေးခိုင်(ခေတ္တ-ဂျပန်)၊ ဦးအောင်လင်း-ဒေါ်ယဉ်ယဉ်မိုးတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၃၀-၇-၂၀၁၈ (တနင်္လာနေ့) ည ၈း၂၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့)တွင် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းညွန့် (၇၁)နှစ်
**မန်နေဂျာ(ငွေစာရင်း-ငြိမ်း)**
**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာသီရိကျောင်းလမ်း၊ အမှတ်(၆၅၃)နေ (ဦးစောအနဲ-ဒေါ်သိန်းခင်)တို့၏ သမီး၊ (ဦးစိုးလှိုင်)၊ ဒေါ်မြညွန့် တို့၏ ညီမ၊ (ဦးရှိန်မင်း)-ဒေါ်အမ်ကော့နန် တို့၏ အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏ အဒေါ်၊ မြေးရှစ်ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၈(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၈(စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးညွန့်ဆွေ (အမရပူရမြို့)
### အသက်(၈၅)နှစ်

ဗိုလ်ကြီးခိုင်ထွန်းဆွေ(ငြိမ်း)-ဒေါ်သန္တာအေး တို့၏ ဖခင် ဦးညွန့်ဆွေ(ခ) ဦးတီသည် ၂၄-၇-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS(97)မှ သူငယ်ချင်း မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီး အောင်ကိုး (ငြိမ်း)
### အသက် (၈၄) နှစ်

Myanmar Brewery Ltd မှ Marketing Director ဒေါ်မြစိမ်းရည်၏ ဖခင် ဗိုလ်မှူးကြီး အောင်ကိုး (ငြိမ်း)သည် ၂-၈-၂၀၁၈ ရက် နံနက်ပိုင်းတွင် ကွယ် လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌဦးဇော်ဇော်နှင့်**
**အမှုဆောင်အဖွဲ့ဝင်များ (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊**
**ကလပ်အသင်းပိုင်ရှင်များ၊ စီအီးအိုနှင့်ဝန်ထမ်းများ(မြန်မာနေရှင်နယ်လိဂ်)။**

## ဝမ်းနည်းကြေကွဲခြင်း
## Dr.ဦးအေးမြင့် (ပုသိမ်)
### အသက်(၆၅)နှစ်

သူငယ်ချင်း Dr.ဦးအေးမြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာဘုံဘဝရောက်ရှိပါစေ။

**သူငယ်ချင်းများ**
**၁၉၇၀ ၊ ဆေးတက္ကသိုလ်(၂)**
**မင်္ဂလာဒုံ၊ ရန်ကုန်**

# အထူးဝမ်းနည်းကြေကွဲခြင်း
## မောင်ဝဏ္ဏအောင် (Wallian Aung)
### အသက် (၁၅) နှစ်

တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်း၏ အသင်းဝင် ကိုညွန့်အောင်-ဒေါ်စုလတ်လတ်လွင်တို့၏ တစ်ဦးတည်းသော သား မောင်ဝဏ္ဏအောင်သည် ၃၀-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**တက္ကသိုလ်ခြေလျင်/တောင်တက်အသင်း**
**သဘာဝခေါ်သံဖောင်ဒေးရှင်း**

# အနိစ္စ

## ဒေါ်ဝင်းရီ (၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၉၁)၊ ဗိုလ်အောင်ကျော်လမ်းနေ (ဦးခင်ထွန်း-ဒေါ်ဂေဝါ)တို့၏ သမီး၊ (ဦးစိန်လွင်-ဒေါ်ခင်ပြုံးတင့်)၊ (ဦးကျော်မြင့်)-ဒေါ်စိန်စိန်၊ (ဦးကျော်မြင့်-ဒေါ်ခင်လေး)၊ (ဒေါ်တင်တင်ဝင်း)-ဦးကြည်ဝင်းတို့၏ ညီမ၊ ဒေါ်ခင်ဝင်းကြည်၊ ဦးလှပြုံး၊ (ဦးဝင်းလှိုင်-ဒေါ်ခင်ရီ)၊ (ဦးသန်းအောင်)-ဒေါ်ဂျူဝယ်(လ်)၊ ဒေါ်ခင်နှင်းလွင်(M.E.I.S-ငြိမ်း)၊ ဦးဝင်းအောင်(ကထိက-ငြိမ်း)၊ ဒေါ်ဒီယန်နာတို့၏ အစ်မသည် ၁-၈-၂၀၁၈ ရက် နံနက် ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**
## ဦးထွန်းအောင်(၂)
### အသက်(၈၆)နှစ်
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

ရာသက်ပန်အသင်းဝင် အမှတ်(၅၂၈) ဦးထွန်းအောင်(၂) သည် ၂-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ၄နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ ပိဋကတ်တိုက်၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နီနီသော်(ခ) ဒေါ်ခင်မေသန်း (၈၃)နှစ်
**ရန်ကုန်စာတိုက်ကြီး(ငြိမ်း)**

သထုံမြို့နေ (ဦးလှဖေ-ဒေါ်သန်းငွေ) တို့၏ဒုတိယသမီး၊ (ဦးသော်ဇင်-ဒေါ်ဖွားရီ)တို့၏သမီး/တူမ၊ ရေတာရှည်မြို့နယ်၊ သာဂရမြို့နေ (ဦးထိန်လင်း-ဒေါ်အုန်းငွေ)တို့၏ သမီးချွေးမ၊ ဦးမောင်မောင်ကြည်-Dr.စိန်စိန်တို့၏ ညီမ၊ (ဦးတင်ကို-ဒေါ်စိန်စိန်)၊ (ဦးမင်းကြည်-ဒေါ်စုစုသော်)တို့၏အစ်မ၊ ဒေါ်မင်းမင်းကြည်၊ ဒေါ်တင်တင်မော်၊ ဦးသက်ဦး-ဒေါ်နှင်းနှင်းကြည်၊ ဦးမြင့်ဦး-ဒေါ်ချိုချို၊ ဒေါ်ခက်ခက်သန်း၊ ဦးအောင်မိုး - ဒေါ်သင်းသင်းကြည်၊ ဦးငွေနိုင်-ဒေါ်ဝင်းဝင်းမော်၊ ဦးစိုးနိုင်-ဒေါ် ဆွေဆွေအောင်တို့၏ကြီးဒေါ်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၈ (စနေနေ့) ညနေ ၄း၃၀ နာရီတွင်ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး
## ဒေါ်ရီခင် (၇၂)နှစ်

ရန်ကုန်မြို့နေ (ဦးအုန်းသော်)-ဒေါ်မြမေတို့၏သမီး၊ (ဦးရွှေ)-ဒေါ်ထွေးပုတို့၏သမီးချွေးမ၊ ဦးဝဏ္ဏထွန်း-ဒေါ်ခိုင်ခိုင်မော်(ခ)ဝူရှူး (မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်)၊ ဦးကျော်ကျော်နိုင်-ဒေါက်တာဇာခြည်ငြိမ်းချမ်း (သဃ်္န်းကျွန်း-စံပြဆေးရုံ)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မောင်ရဲဝေယံမောင်၏ ချစ်လှစွာသောအဘွား၊ ဦးဟန်ငြိမ်း၏ ချစ်လှစွာသောဇနီး ဒေါ်ရီခင်သည် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၂း၁၅ နာရီတွင် အမှတ်(၇/က)၊ ရန်အောင်လမ်း၊ (၃) ရပ်ကွက်၊ သာကေတမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၈ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးမောင်မောင်မြင့် (ငြိမ်း) (မြိတ်)
**စစ်တက္ကသိုလ် အမှတ်စဉ်(၁၇)**
### အသက်(၆၇)နှစ်

မြိတ်မြို့နေ (ဦးထူးစိန်-ဒေါ်ညွန့်)တို့၏ သား၊ (ဦးသာပွင့်-ဒေါ်ပန်းစိန်)တို့၏ သားသမက်၊ ဒေါ်မြမြသိန်း၏ ကျေးဇူးရှင်ခင်ပွန်း၊ Mr.Danie (Shwe Taung Group)-မငြိမ့်သန္တာမြင့်(ခေတ္တ-ဘန်ကောက်)၊ ကိုအောင်မိုးမြင့်-မတင်ဇာမျိုး၊ ကိုအောင်ဇေယျာမြင့်-မမေသန္တာဦး၊ မသိမ့်သဥ္ဇာမြင့်(TU Thanlyin)တို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏ ဘိုးဘိုး၊ ရန်ကုန်မြို့၊ သဃ်္န်းကျွန်းမြို့နယ်၊ တိုက်(၂)၊ အခန်း(၃၀၂)၊ မလိခအိမ်ရာ(ကွန်ဒိုဝင်း)နေ ဗိုလ်ကြီးမောင်မောင်မြင့်(ငြိမ်း)သည် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးမောင်မောင်မြင့် (ငြိမ်း) (မြိတ်)
**စစ်တက္ကသိုလ် အမှတ်စဉ်(၁၇)**
### အသက်(၆၇)နှစ်

မြိတ်မြို့နေ (ဦးထူးစိန်-ဒေါ်ညွန့်)တို့၏ သား၊ (ဦးချမ်းငြိမ်း-ဒေါ်သောင်းရီ)၊ ဦးအောင်-ဒေါ်အေးအေးမြင့်၊ (ဦးဘိုကြည်-ဒေါ်မလေး)၊ (ဒေါ်တင်တင်ချို)၊ (ဦးသန်းငွေ-ဒေါ်သန်းသန်းညွန့်)၊ (ဦးလှငွေ)-ဒေါ်ခင်မေဆင့်တို့၏ ညီ/မောင်၊ (ဦးမြင့်ဆွေ)-ဒေါ်ရီမာ၊ Capt.ဦးလှဦး-ဒေါ်ယုဇန တို့၏ ချစ်လှစွာသော အစ်ကို၊ ရန်ကုန်မြို့၊ သဃ်္န်းကျွန်းမြို့နယ်၊ တိုက်(၂)၊ အခန်း(၃၀၂)၊ မလိခအိမ်ရာ(ကွန်ဒိုဝင်း)နေ ဗိုလ်ကြီးမောင်မောင်မြင့်(ငြိမ်း)သည် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်လှ (၅၉)နှစ်
**မြန်မာအမျိုးသားလေကြောင်းလိုင်း**
**အထက(သုဝဏ္ဏ)၊ ကျောင်းသူဟောင်း**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ တိုက်(၂၃၉)၊ အခန်း(၇)နေ (ဦးစိန်သာလှ-ဒေါ်လှ)တို့၏သမီးလတ်၊ ဦးခင်မောင်ချို (တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်တင်တင်ဝေ(လ. ဝ. က-ငြိမ်း)၊ဦးသန်းအေး (တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်အေးအေးချိုတို့၏ညီမ၊ ဦးစိန်မြင့် (ခ) ဦးတော်မိ(Y.P.A Co.,Ltd)၏အစ်မ၊ (ဦးရဲလင်းထွန်း)၊ ဦးသန့်ဇင်ထွန်း(မြန်မာအမျိုးသားလေကြောင်းလိုင်း)-ဒေါ်ဆွေဇင်အောင်၊ ဦးသန်းထွန်းအောင် (Falcom Marine)-ဒေါ်မိုးစန္ဒာထွန်း(Mann Yadanarpon Airlines)၊ မောင်အောင်ကိုဦး၊ မောင်မြတ်မင်းခန့်(အမျိုးသားလွှတ်တော်ရုံး)-မအေးမြတ်သန္တာ(Excel Capaital Security Co.,Ltd)တို့၏အဒေါ်၊ မောင်ဖြိုးဇေယျာထက်၊ မရွှန်းလဲ့ဖူးအောင်၊ မောင်ပိုင်ဇေယျာထက် တို့၏အဘွားလေးသည် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၈ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်သိန်း (မန္တလေး)
### အသက် (၅၇) နှစ်

မန္တလေးမြို့၊ မြောက်ပြင်ထားဝယ်ရပ်နေ (ဦးဘသိန်း-ဒေါ်တင်မြ)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၆၂)၊ ရွှေဘုံသာအောက်လမ်းနေ (ဦးသိန်းမောင်)-ဒေါ်ရီရီမြင့်တို့၏သားသမက်၊ ဦးယုသိန်း-ဒေါ်ထားထားမြင့်၊ (ဦးအောင်မြင့်သိန်း)-ဒေါ်ခက်ခက်အေး၊ ဦးစိုးဝင်း-ဒေါ်ငွေငွေယု၊ ဦးထွန်းသိန်း-ဒေါ်သက်သက်လှိုင်၊ ဦးခင်မောင်ငြိမ်း-ဒေါ်နှင်းနှင်းယု၊ ဒေါ်မိုးမိုးယု၊ ဒေါ်မိုးမြတ်မြတ်ယု၊ ဦးရဲနိုင်ဦး-ဒေါ်မျိုးမျိုးယု၊ ဦးသီဟသိန်း-ဒေါ်အေးအေးမြင့်၊ ဦးထွန်းထွန်းဝင်း၊ ဦးဝင်းနိုင်-ဒေါ်နီလာ၊ ဦးသန့်လွင်-ဒေါ်သင်းသင်းလင်း၊ ဦးမောင်မောင်လတ်-ဒေါ်ကြင်ကြင်စိုးတို့၏ညီ/မောင်/အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၆၃၇/၆၅၁)၊ အခန်း(၂၀၃)၊ ဒုတိယထပ်၊ ကုန်သည်လမ်းနေ ဒေါ်ခိုင်ခိုင်သင်း၏ချစ်လှစွာသော ခင်ပွန်း၊ မအိမြတ်နိုးခိုင်၊ မမေသူခိုင်၊ မောင်ရန်ကျော်ဟိန်းတို့၏မွေးသဖခင်ကျေးဇူးရှင် ဦးတင်သိန်းသည် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ဆွေ (ပုတီးကုန်း)
### အသက်(၈၅)နှစ်

ပုတီးကုန်းမြို့နေ (ဦးသာဩ-ဒေါ်ငွေမှုံ)တို့၏ သမီး၊ (ဦးမောင်ကြိုင်-ဒေါ်သန်းတင်)၊ (ဦးစန်းမြင့်-ဒေါ်သက်ဝေ)၊ ဦးသန့်ဇင်-(ဒေါ်သန်းစိန်)တို့၏ ညီမ၊ ဦးညွန့်ဝေ၏ အစ်မ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာလမ်း၊ အမှတ်(၅၅၆)နေ ဦးထွန်းမြင့်၏ ဇနီး၊ မအေးသီဂီ၊ (ကိုအောင်ဝင်းခိုင်)၊ မခင်ထားနွယ်၊ ကိုအောင်ဇော်သိန်း၊ ကိုကျော်ကျော်ခိုင်၊ မမီမီသက် (ကထိက ဒဂုံတက္ကသိုလ်၊ မြန်မာစာဌာန)၊ မဥမ္မာ၊ မအေးမြတ်သိမ့် တို့၏ ချစ်လှစွာသော မိခင် ဒေါ်ခင်ဆွေသည် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၈ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်အေး (၈၆)နှစ်
**အလယ်တန်းပြ(ငြိမ်း)၊**
**အထက(၁) လမ်းမတော်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက်(၄/၁၈)နေ (ဦးလူခန့်-ဒေါ်မမကြီး)တို့၏ သမီး၊ (ဦးဝင်းဆွေ-ဒေါ်တင်လေး)၊ ဒေါ်ခင်မေရီ-(ဦးဖေဇင်)တို့၏ညီမ၊ (ဒေါ်ခင်နှင်းဆွေ)၊ (ဒေါ်ခင်အောင်ကြည်)၊ (ဒေါ်ခင်ဝင်းမြင့်)၊ (ဒေါ်ခင်သိန်းဆွေ) တို့၏အစ်မ၊ (ဦးအောင်မြင့်)၏ဇနီး၊ ဦးမောင်မောင်ဦး-ဒေါ်နုနုအေး၊ ဒေါ်ဖြူဖြူမြင့်(သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်း) - ဦးကျော်စိုးတို့၏မိခင်၊ မမေသစ္စာဦး-မောင်ဇော်ဦး၊ မောင်အောင်ကျော်မြတ်တို့၏ ချစ်လှစွာသော အဘွားသည် ၂-၈-၂၀၁၈ ရက် နံနက် ၆ နာရီတွင် အမှတ်(၂၄၅)၊ မြေညီထပ်၊ (၃၆)လမ်းအထက်၊ ကျောက်တံတားမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ကျောက်တံတားမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ဥတ္တမ မဟာထေရ်
**ခြောက်ထပ်ကြီးကျောင်းတိုက် (ပခုက္ကူကျောင်း)**
## သိက္ခာတော်(၇၁)ဝါ၊ သက်တော်(၉၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရပ်ကွက်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ပခုက္ကူကျောင်းဆရာတော် ဘဒ္ဒန္တ ဥတ္တမ မဟာထေရ် သိက္ခာတော်(၇၁)ဝါ၊ သက်တော်(၉၁)နှစ်သည် (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်) ၁-၈-၂၀၁၈(ဗုဒ္ဓဟူးနေ့) ည၉း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ရက်)၊ ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) တွင် အန္တိမစျာပန ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

တပည့် ဒါယကာ/ဒါယိကာမများ

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ပဏ္ဍဝ မဟာထေရ်
**ကျုံကဒတ်ကျေးရွာ သံဃာ့နာယက ဥက္ကဋ္ဌ**
**ပြည်နယ် သံဃာ့ဝန်ဆောင်၊ မြို့နယ်ဝိနည်းဓိုရ်**
## သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၅)နှစ်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်စံပြကျေးရွာ၊ မဟာပဏ္ဍဝါရာမ ရွာလယ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍဝသည် (၁၃၈၀ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်)၊ ၃၀-၇-၂၀၁၈ (တနင်္ဂနွေနေ့)ညနေ ၅း၄၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်) ၆-၈-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် စံကျောင်းတော်၌ ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ/ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အန္တိမ အဂ္ဂိစျာပန သာခုကိဋ္ဌနသဘင်ပွဲကို ထပ်မံ၍ ကြေညာပါမည်။)

ရွာလယ်ကျောင်း၊ ဂေါပကအဖွဲ့နှင့် တပည့်ဒါယကာ/ဒါယိကာမများ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီးအောင်ကိုး (ငြိမ်း)
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန**
**စစ်တက္ကသိုလ် အပတ်စဉ်(၁)၊ ကြည်း (၇၈၆၀)**
### အသက် (၈၄) နှစ်

ရန်ကုန်မြို့နေ (ဦးပိန်-ဒေါ်နှင်း)တို့၏သား၊ (ဦးမြသိန်း-ဒေါ်သန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း(၅)ရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ်(၈၁)နေ ဒေါ်ယဉ်ယဉ်မေ၏ခင်ပွန်း၊ အမေရိကန်နိုင်ငံနေ ဦးကျော်မြသင်-ဒေါ်ယဉ်ယဉ်မြင့်အောင်၊ ရန်ကုန်မြို့နေ ဦးမင်းသူစံ-ဒေါ်မြစိမ်းရည်(Marketing Director၊ မြန်မာဘရူဝါရီလီမိတက်)၊ ဦးအောင်နိုင်ထွန်း-ဒေါ်ဇင်မာရီတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ရှိန်းအောင်သင်၊ မောင်ဟိန်းထက်စံတို့၏ဘိုးဘိုးကြီးသည် ၂-၈-၂၀၁၈(ကြာသပတေးနေ့) နံနက် ၄း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၈ (တနင်္လာနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ပိဋကတ်တိုက်၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နီနီသော်(ခ)ဒေါ်ခင်မေသန်း
**ရန်ကုန်စာတိုက်ကြီး(ငြိမ်း)**
### အသက် (၈၃) နှစ်

သထုံမြို့နေ (ဦးလှဖေ-ဒေါ်သန်းငွေ)တို့၏ဒုတိယသမီး၊ (ဦးသော်ဇင်-ဒေါ်ဖွားရီ)တို့၏သမီး/တူမ၊ သာဂရမြို့နေ (ဦးထိန်လင်း-ဒေါ်အုန်းငွေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်း၊ အမှတ်(၄၅)၊ (၆/B) နေ [ဦးမင်းလွင် (ခ) ဦးဘိုကြီး (လ/ထညွှန်မှူး-ငြိမ်း၊ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန)]၏ဇနီး၊ ဒေါ်မိုးစန္ဒာ(လ/ထညွှန်မှူး၊ တောင်ပိုင်းခရိုင်၊ ထွေ/အုပ်)၊ ဦးတင်လှိုင်(နည်းပညာဌာနကြီး၊ MPT)-ဒေါ်မိုးသူဇာ(ဆူးလေ TRA, MPT)တို့၏ကျေးဇူးရှင်မွေးသမိခင်သည် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၈ (စနေနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြင့်ချယ်(ခ)ဦးသိမ်းဆောင် (၈၂)နှစ်
**စာရေးဆရာဗဟိုသိမ်းဆောင်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ကြာဖြူလမ်း၊ အမှတ်(၂၆၁)နေ (ယောဂီဦးတင်-ဒေါ်ရှုကြည်)တို့၏သား၊ (ဒေါ်တင်တင်သန်း)၏မောင်၊ (ဒေါ်တင်တင်ကြည်)၏အစ်ကို၊ ဒေါ်ထွေးမြင့်၏ခင်ပွန်း၊ ဦးမင်းအောင်ခိုင်၊ ဦးယဉ်မိုး(မြို့နယ်လျှပ်စစ်မန်နေဂျာ၊ သဃ်္န်းကျွန်းမြို့နယ်)-ဒေါ်အေးအေးခင်(အထက-၃၊ ဒဂုံမြောက်)၊ (ဦးမြတ်သူ)-ဒေါ်မိုးမိုးစန်း၊ ဒေါ်ဝင်းမြတ်ကျော့၊ ဦးကျော်ဇင်လင်းတို့၏ဖခင်၊ မြေး ခုနစ်ယောက်၊ မြစ်လေးယောက်တို့၏အဘိုး ဦးမြင့်ချယ် (ခ) ဦးသိမ်းဆောင်သည် ၁-၈-၂၀၁၈ ရက် ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၈ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၈ ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမင်းဇော် (Agency)
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ(၂)လမ်း(အထက်)၊ အမှတ်(၆၉/က)နေ ဦးမောင်မောင်အုန်း-ဒေါ်ပိုပို တို့၏ သားငယ်၊ ဦးမြင့်လွင် ၏ ညီ၊ ဒေါ်ခင်ရီဝင်း(ခ)မိမုန်း၏ချစ်လှစွာသော ခင်ပွန်းသည် ၁-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၈ (သောကြာနေ့) ညနေ ၃ တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြခင်(ကပရ-ငြိမ်း)(၇၄)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ ကျောင်းလမ်း၊ (၂၅)ရပ်ကွက်၊ အမှတ်(၂၈၈/၂)နေ (ဦးမြကြီး-ဒေါ်စောမြ)တို့၏ သမီး၊ (ဒေါ်တင်အေး)၏ ညီမ၊ ဒေါ်မြမြင့်တို့၏ အစ်ကို၊ ဦးအောင်ထွဋ်ကျော်-ဒေါ်ဖြူဖြူစိုး၊ ဦးအောင်ကျော်စိုး-ဒေါ်ညိမ်းညိမ်းထွေး၊ ဒေါ်ဇင်မင်းစိုးတို့၏ မွေးသမိခင်၊ မကဥ္စနသွယ်၊ မောင်စွမ်းမိုးထက်၊ မကေခိုင်ကျော်စိုး၊ မကေဇင်သွယ်၊ မောင်ဇေလင်းထက်တို့၏ အဘွား၊ ဦးစိုးတင့် (က-ည-န၊ ငြိမ်း)၏ ချစ်လှစွာသော ဇနီး သည် ၂-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးသို့ တက်ရောက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၁၈)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၁၈)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန့်ဇင်မောင်၊ ဦးဝင်းခိုင်၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်နှင့် ဦးစိုးဝင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များဖြစ်ကြသည့် ဦးဖြိုးမင်းသိန်းနှင့် ဒေါက်တာ လဲ့လဲ့မော်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဦးအောင်ထူးနှင့် ဦးကျော်လင်း၊ အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အမြဲတမ်းအတွင်းဝန်များ၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ရေကျသွားပြီဖြစ်သောကြောင့် ဘားအံ-ရန်ကုန်ကားလမ်းတွင် ယာဉ်များဖြတ်သန်းသွားလာ

**ဘားအံ ဩဂုတ် ၂**

ကရင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိပြီး အချို့နေရာများတွင် လမ်းရေကျော်မှုများ ဖြစ်ပွားခဲ့ရာ ဘားအံ-ရန်ကုန်ကားလမ်းမကြီးပေါ်၌ ဩဂုတ် ၂ ရက် နံနက်ပိုင်းမှစတင်၍ ရေအနည်းငယ် ကျဆင်းလာပြီဖြစ်သောကြောင့် ကုန်တင်ယာဉ်ကြီးများအပြင် ယာဉ်ငယ်များပါ ဖြတ်သန်းသွားလာနေကြပြီဖြစ်သည်။

ရေကျော်နေသည့် အိန္ဒိ-ဇာသပြင် ကားလမ်းပေါ်တွင်လည်း ယာဉ်များ

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



ဘားအံ-ရန်ကုန်ကားလမ်းမကြီးပေါ်၌ ယာဉ်များဖြတ်သန်းသွားလာနေသည်ကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက တွေ့ရစဉ်။ ဓာတ်ပုံ-မိုးမြင့်ထက်

# မြန်မာ ယူ-၁၆ အသင်း ဖိလစ်ပိုင်ကို ခုနစ်ဂိုးပြတ်သွင်းယူ

**နေပြည်တော် ဩဂုတ် ၂**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စု(က) တတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၆ အသင်းက ဖိလစ်ပိုင် ယူ-၁၆ အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် ယခုပွဲအနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ခွင့်မျှော်လင့်ချက်ပြန်လည်ရှင်သန်လာခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် ယခုပွဲတွင် ခြေအသာဖြင့် ဖိကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် သုံးပွဲကစားခြောက်မှတ်သာရသေးသောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရေး လက်ကျန်နှစ်ပွဲတွင် ရလဒ်ကောင်းရရန် ကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အသင်းသည် မဖြစ်မနေအနိုင်ရရန် လိုအပ်နေသောကြောင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ဂိုးများစောစီးစွာရခဲ့၍ ဂိုးပြတ်သွားခြင်းဖြစ်သည်။

ဖိလစ်ပိုင်အသင်းသည် ကြိုးစားကစားသော်လည်း မြန်မာအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ရှုံးပွဲဆက်ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းအတွက် အနိုင်ဂိုးများကို ၂ မိနစ်နှင့် ၂၉ မိနစ်တွင် နောင်နောင်လတ်၊ ၂၅ မိနစ်တွင် အောင်ကိုဦး၊ ၃၄ မိနစ်တွင် ဇော်ဝင်းသိန်း၊ ၄၆ မိနစ်တွင် ပြည့်ဖြိုးအောင်၊ ၅၃ မိနစ်တွင် ခွန်ကျော်ဇောဟိန်း၊ ၇၇ မိနစ်တွင် ဝေယံစိုးတို့က သွင်းယူခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် စတုတ္ထပွဲအဖြစ် ဩဂုတ် ၄ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**